ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်၊ စနေနေ့၊ (7-2-2004) (၄၁၁၉)

ယနေ့ထုတ်စောင်ရေ ၁၉၇၉၀၇

ဒါနဉ္စ
တော မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

စည်းလုံးညီညွတ်မှု သင်္ကေတအဖြစ် ခိုင်ခိုင်မြဲမြဲ တည်ရှိခဲ့

ပြည်ထောင်စုတိုင်းရင်းသားများသည် သမိုင်းစဉ်တစ်လျှောက် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြကာ ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မာမာဖြင့် ပူးပေါင်း နေထိုင်ကြပြီး ပြည်ထောင်စုအပေါ် ကျရောက်ခဲ့သော ဘေးရန်အန္တရာယ်ဟူသမျှကို စုစည်းညီညွတ်စွာဖြင့် တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ကြသည့် သမိုင်းအစဉ်အလာကောင်းကို ထူထောင်နိုင်ခဲ့ကြပါသည်။ ထိုသမိုင်းအစဉ်အလာကောင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုသင်္ကေတအဖြစ် ရာစုနှစ်များစွာ ခိုင်ခိုင်မြဲမြဲ တည်ရှိခဲ့ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၃)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ—

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်တည်ဆောက်ရာ၌ လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်
တတိယ ငါးနှစ်စီမံကိန်းကာလအတွင်း မဂ္ဂါဝပ် ၂၀၀၀ကျော် ထပ်မံထုတ်လုပ်ရန် ကြိုးပမ်းနေ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ချင်းတွင်းမြစ် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး
စီမံကိန်းမှ ဓာတ်အားမဂ္ဂါဝပ် ၆၀၀ကျော် ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး ပေးဝေမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၃ရက်နှင့် ၄ရက်တို့တွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

7-2)KM.P65 1 2/7/04, 1:59 AM

ကြေးမုံ The Mirror

၇-၂-၂၀၀၄
(စနေနေ့)

ငြိမ်းချမ်းရေး၏အနှစ်သာရ တန်ဖိုးထား တိုင်းရင်းသားအားလုံးထာဝစဉ်ပေါင်းစည်းယှက်နွှယ်နေထိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာ ပေါင်းစည်းနေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် နေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ် နှင့်သမိုင်းအစဉ်အလာသည် ယနေ့တိုင် ခိုင်မာမြဲမြံလျက်ရှိနေပေသည်။

နိုင်ငံတော်အစိုးရက နိုင်ငံသူ၊ နိုင်ငံသားများအားလုံး၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ နေထိုင်ရာဒေသတိုင်းတွင် ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးပွားရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့အတွက် အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်။

အထူးသဖြင့် နယ်စပ် အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးတည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အစပိုင်းတွင် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးတို့အတွက် ဆောင်ရွက်ခဲ့ရာ အောင်မြင်တိုးတက်မှုများ ရရှိခဲ့သည်။

အဆိုပါ အောင်မြင်မှုများအပေါ် အခြေခံပြီး နောက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းအားလုံး နယ်စပ်ဒေသ အစွန်အဖျား ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အချက်အချာကျသောဒေသများတွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် ဖွံ့ဖြိုးမှုဆိုင်ရာအခြေခံလိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းပေးလျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနအသီးသီးတို့က အားတက်သရော ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တိုးတက်အောင်မြင်မှုများ ရရှိနေသည်။ သာဓကအားဖြင့် နယ်စပ်ဒေသများ ပညာရေးကဏ္ဍတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူပေါင်း တစ်သိန်းရှစ်ထောင်ကျော် ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံပြည်သူများ ကျန်းမာရေးအတွက် ဆေးရုံ ၅၂ ရုံ၊ ဆေးပေးခန်း ၈၂ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၂၉ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၀ တို့ကို တည်ဆောက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသတွင်း လမ်းပန်းဆက်သွယ်သွားလာမှု ကောင်းမွန်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေးတို့အတွက် အခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၁၉၈၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်ကုန်အထိ ငွေကျပ်သန်းပေါင်း ၅၀၂၄၅ ဒသမ ၇၅ သန်းသုံးစွဲခဲ့သည်။

ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူများကလည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးထမ်းပဲ့ထမ်း ပါဝင်ကြိုးပမ်းလျက်ရှိကြသည်ကို တွေ့ရသည်။ ယနေ့ကာလတွင် ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာလျက်ရှိရာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ငြိမ်းချမ်းချစ်ကြည်စွာ ဆုံစည်းခွင့်ရရှိခြင်း၊ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ ဖလှယ်နိုင်ခြင်း၊ အေးချမ်းသာယာစွာ ကူးသန်းသွားလာနိုင်ခြင်းစသည့် အကျိုးရလဒ်ကောင်းများကို ခံစားရရှိနေကြပြီဖြစ်သည်။

ယင်းသို့ နယ်မြေဒေသများဖွံ့ဖြိုးစည်ပင်တိုးတက်နေခြင်း၏ အခြေခံသည် ငြိမ်းချမ်းသာယာခြင်းဖြစ်ရာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ရရှိပြီးသော ငြိမ်းချမ်းရေးကို အစဉ်တည်တံ့ခိုင်မြဲနေစေရန် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းလျက်ရှိချိန်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ငြိမ်းချမ်းသာယာဖွံ့ဖြိုးခြင်း၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ထာဝစဉ်ပေါင်းစည်းယှက်နွှယ်နေထိုင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
- ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ပြည်ထောင်စုအလံတော်သယ်ယူရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှု တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၆

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး အလံတော် သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများစိုက်ထူရေးဆပ်ကော်မတီက ပြည်ထောင်စု အလံတော်သယ်ယူရေးဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ပြည်ထောင်စုအလံတော် သယ်ယူရေး ဝတ်စုံပြည့်အစမ်းလေ့ကျင့်ရာသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး၊ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများစိုက်ထူရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့် ဆပ်ကော်မတီဝင်များ၊ သက်ဆိုင်ရာမြို့နယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်(၄)ခရိုင်မှ သတ်မှတ်မြို့နယ်များသို့ အလံတော်သယ်ယူရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်ကြသည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် - နံနက် (၀၉း၀၀)နာရီမှ ညနေ (၁၇း၀၀)နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ပြည်ထောင်စုနေ့ အလံတော်

☆ မိုးသောက်ယံဝယ်
အောင်လံနီရဲ၊ လေမှာဝဲသည်
ရင်ထဲသိမ့်သိမ့် ငြိမ့်ငြိမ့်တကား။

☆ သူ့ကျွန်အဖြစ်၊ နှံ့မှာနစ်လည်း
အနှစ်မခံ၊ လွတ်အောင်ကြံခဲ့
ရွှေမှန်ကင်းအစစ်၊ ထင်းပင်ဖြစ်လည်း
ဖြစ်သည့်ထင်းက၊ ဟုန်းဟုန်းကြွကာ
မီးထလျှံတောက်၊ သူ့ကိုခြောက်ခဲ့
လွတ်မြောက်ရေးအတွက်၊ သွေးအသက်တို့
ပေးဆက်တွန်းလှန်၊ အညှံ့မခံသည်
အလံတော်သည် သက်သေတည်း။

☆ ထို့ပြင်သွေးချင်း၊ ညီနောင်ရင်းတို့
ရိုင်းပင်းတူမျှ၊ လက်တွဲကြ၍
ရခဲ့ဘိသေး၊ လွတ်လပ်ရေးတည့်
စုဝေးညီညွတ်၊ အောင်ပန်းဆွတ်ဖို့
မရွှတ်ဧကန်၊ စည်းလုံးရန်ဟု
အလံတော်သည် လမ်းညွှန်တည်း။

☆ အို ပြည်သူအများ၊ သတိထားလော့
ကြောင်ဖားအိုအို၊ မြီးတံတိုလျှင်
အဆီကိုစား၊ အသားကိုမျို၊ ပမာလိုတည့်
တို့ကိုဝင်ပူး၊ နယ်ချဲ့ရူးလျှင်
စားဖူး၍ချို၊ မျိုဖူး၍စွဲ
လျှာလည်ဆဲတည့်
သွေးကွဲအောင်ပင်၊ တို့ပြည်ခွင်ကို
မွှေချင်နှောက်ချင်၊ သွေးခွဲချင်၏
မြင်အောင်လည်းကြည့်၊ သိအောင်ဆင်ခြင်
အသင့်ပြင်လျက်
လမ်းစဉ်မွန်မြတ်၊ ခုနစ်ရပ်ကို
ချမှတ်ပြီးသား၊ လျှောက်လှမ်းသွားဖို့
ကောင်းမြတ်စိတ်ကြံ၊ သန္နိဋ္ဌာန်ဖြင့်
အလံတော်ရှေ့သို့ သွားကြစို့။
အလေးပြုကာ ဦးညွှတ်စို့။

☆ ဩော် မိုးသောက်ယံဝယ်
အောင်လံနီရဲ၊ လေမှာဝဲသည်
ရင်ထဲသိမ့်သိမ့် ငြိမ့်ငြိမ့်တကား။ ။

ခွန်ရဲသွေး(အေးသာယာ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
(၈-၂-၂၀၀၄)ရက်
နှင့်
(၂၉-၂-၂၀၀၄)ရက်

❀ **ရွှေဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ် စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိ ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၃ရက် ညနေပိုင်းတွင်ဘုတလင်မြို့နယ်နှင့် ကနီ မြို့နယ်နယ်စပ် ချင်းတွင်းမြစ်၏ ရွှေစာရေးမြစ်ကျဉ်းနေရာသို့ ရောက်ရှိ သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မည့် ချင်းတွင်း မြစ်၏ ရွှေစာရေးမြစ်ကျဉ်းနေရာကို လည်းကောင်း၊ ချင်းတွင်းမြစ်၏ အနေ အထားကို လည်းကောင်း ကြည့်ရှုကြ သည်။

မဂ္ဂါဝပ် ၃၉၀၀၀ ကျော်

ထို့နောက် ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းတင်ပြ ရာတွင် မြန်မာနိုင်ငံတွင် ရေအား လျှပ်စစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် ရေအရင်းအမြစ် များ များစွာရှိပါကြောင်း၊ ပဏာမ လေ့လာတိုင်းတာမှုများအရ ရေအား လျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ် ၃၉၀၀၀ ကျော်သို့ ထုတ်ယူနိုင်ပါ ကြောင်း။

စစ်ကိုင်းတိုင်းအတွင်း၌ ရေအား လျှပ်စစ်စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည့် နေရာ၂၁ခုရှိ ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၂၄၀၀ ခန့်ထုတ်ယူရရှိနိုင်မည်ဖြစ်ပါကြောင်း။

ဤစီမံကိန်း၂၁ခုအနက် ၁၃သမ၂၆ မဂ္ဂါဝပ် ထုတ်ယူရရှိသည့် ကလေး မြို့နယ်မှ ဇီးချောင်းရေအားလျှပ်စစ် စီမံကိန်း၊ သုည ဒသမ ၀၅ မဂ္ဂါဝပ် ထုတ်ယူရရှိသည့် လဟယ်မြို့နယ်မှ လဟယ် ရေအားလျှပ်စစ်စီမံကိန်း၊

ထမံသီရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၁၂၀၀ကျော် ရရှိမည်
အိန္ဒိယနိုင်ငံနှင့်ပူးပေါင်း၍ လေ့လာတိုင်းတာမှုများ ဆောင်ရွက်နေ

မဂ္ဂါဝပ်၃၀ထုတ်ယူရရှိသည့် ကျွန်းလှ မြို့နယ်မှ သဖန်းဆိပ်ရေအားလျှပ်စစ် စီမံကိန်းတို့မှာ တည်ဆောက်ပြီး စီမံကိန်းများဖြစ်ပါကြောင်း။

ချင်းတွင်းမြစ်ဝှမ်း တစ်လျှောက်၌ ရေအားလျှပ်စစ် ထုတ်နိုင်သည့် ထမံသီ၊ ဟုမ္မလင်း၊ မော်လိုက်နှင့် ရွှေစာရေး စသည့် စီမံကိန်းများအနက် ထမံသီ ရေအားလျှပ်စစ်စီမံကိန်းမှာ ပဏာမ လေ့လာ တိုင်းတာထားမှုအရ မဂ္ဂါဝပ် ၁၂၀၀ကျော်ရရှိမည့် စီမံကိန်း ဖြစ်ပါ ကြောင်း။

ထမံသီရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အား ပမာဏ များပြားစွာ ထုတ်ယူရရှိမည်ဖြစ်သကဲ့သို့ တစ်ဖက် ကလည်း လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်း ပမာဏကြီးမားပြီး ငွေကြေး များစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရမည့် စီမံကိန်းလည်းဖြစ်ပါကြောင်း။

ထမံသီ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အိန္ဒိယ နိုင်ငံနှင့် ပူးပေါင်း၍ လိုအပ်သော ပဏာမစူးစမ်းလေ့လာ တိုင်းတာမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ ကြောင်း၊

ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း မှာ ပဏာမ စူးစမ်းလေ့လာတိုင်းတာ မှုများအရ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ကျော် ထုတ်ယူရရှိမည့် စီမံကိန်း ဖြစ်ပါကြောင်း။

ချင်းတွင်းမြစ် မိုးရာသီရေလျှံမှုကို ထိန်းသိမ်းနိုင်ရန် ရေကြောင်းသွားလာမှု လွယ်ကူချောမွေ့စေရန် ရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး နိုင်ငံ တော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့် ဆည်းပေးရန် ဟူသည့် ရည်ရွယ်ချက် များဖြင့် တင်ပြပါ ရေအားလျှပ်စစ် စီမံကိန်းများပါရှိသည့် ချင်းတွင်း မြစ်ဝှမ်းဖွံ့ဖြိုးရေးစီမံကိန်းကို အကောင် အထည်ဖော် ဆောင်ရွက်သွားရန် စီမံ ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

နည်းလမ်းလေးသွယ်

ဆက်လက်၍ရေအားလျှပ်စစ်ဦးစီး ဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော် က ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း တွင် ရေအားလျှပ်စစ်ထုတ်ယူရရှိရန် ချင်းတွင်းမြစ်ဖြတ်တမံ တည်ဆောက် ရေးအတွက် စူးစမ်းလေ့လာထားသည့် နည်းလမ်းလေးသွယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ချင်းတွင်းမြစ်၏ ရေထုစီးနှုန်းနှင့် အနည်ထိုင်နှုန်းစသည့် ဇလဗေဒ အခြေအနေ၊ ဘူမိဗေဒ အခြေ အနေ၊ ထမံသီရေအားလျှပ်စစ်ဆိုင်ရာ အချက်အလက်များ၊ ရွှေစာရေး ရေလှောင်တမံ တည်ဆောက်နိုင်ရန် စူးစမ်းလေ့လာ တိုင်းတာခဲ့မှုများ၊ ရွှေစာရေးမြစ်ကျဉ်း၌ ချင်းတွင်းမြစ် ရေလွှဲ၍ တမံတည်ဆောက်သွားနိုင်မည့် နည်းလမ်းများအလိုက် အကျိုးသက် ရောက်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ် လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အမှာစကားပြောကြား ရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာ၌ လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ် လိုအပ်လျက်ရှိကြောင်း။

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး အတွက် လက်ရှိ တတိယကာလတို င်ါးနှစ်စီမံကိန်းကာလအတွင်း လျှပ်စစ် ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ကျော် ထပ်မံ ထုတ်လုပ်ရန် မိမိတို့ ကြိုးပမ်းလျက်ရှိ ကြောင်း။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အနေဖြင့် ဒေသအသီးသီး၌ ရေအား လျှပ်စစ်စီမံကိန်းများကို အကောင် အထည်ဖော်လျက်ရှိရာတွင် ချင်းတွင်း မြစ်ဝှမ်း၌လည်း စီမံကိန်းများ အကောင် အထည်ဖော်နိုင်ရန် လေ့လာဆောင်ရွက် လျက်ရှိကြောင်း။

ချင်းတွင်းမြစ်ရေကို အသုံးချ၍ ဆောင်ရွက်နိုင်သည့် ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သည့် ထမံသီရေအား လျှပ်စစ်စီမံကိန်း၊ ဟုမ္မလင်း ရေအား လျှပ်စစ် စီမံကိန်း၊ မော်လိုက် ရေအား လျှပ်စစ် စီမံကိန်း၊ ရွှေစာရေး ရေအား လျှပ်စစ် စီမံကိန်းတို့အနက် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို စတင် အကောင်အထည်ဖော်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း။

မြန်မြန်ဆန်ဆန်

ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည်နှင့်အမျှ နိုင်ငံ တော်အတွက်၊ ပြည်သူများအတွက် အကျိုးသက်ရောက်မှု မြန်မြန်ရရှိမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ရွှေစာရေး ရေအား လျှပ်စစ်စီမံကိန်းအတွက် လိုအပ်သည့် အသေးစိတ် လေ့လာတိုင်းတာမှုများကို ဆောင်ရွက်ရင်း တစ်ဖက်ကလည်း သေချာသည့် အင်ဂျင်နီယာ လုပ်ငန်းများကိုတစ်ပြိုင်တည်းအကောင် အထည်ဖော်သွားရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ရွှေစာရေး ရေအား လျှပ်စစ်စီမံကိန်း အကောင်အထည် ဖော်မည့်နေရာမှ စမ်းသပ်တူးဖော် ထားသည့် ကျောက်သားနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် အဖွဲ့ဝင်များသည် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း ဆောင် ရွက်မည့် ဘုတလင်မြို့နယ် ရွှေစာရေး ကျေးရွာသို့ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ထပ်မံရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် တို့က ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း၏ အင်ဂျင်နီယာလုပ်ငန်းများ အခြေ အနေ၊ ရေကြောင်းသွားလာမှုအတွက် ရေထိန်းဂိတ်ထားရှိနိုင်မည့်အခြေအနေ တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ချင်းတွင်းမြစ် အတွင်း ရေယာဉ်များ သွားလာမှု၊ သစ်ဖောင်ဝါးဖောင်များ မျှောချမှု အခြေ အနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း ၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များမှာကြားပြီး ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်မည့် ချင်းတွင်း မြစ်၏ ရွှေစာရေးမြစ်ကျဉ်းနေရာကို ထပ်မံကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း ကို စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့ မြောက်ဘက်မိုင် ၂၀ ခန့် အကွာ ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာ အနီး ချင်းတွင်းမြစ်၏ ရွှေစာရေး မြစ်ကျဉ်း၌ အကောင်အထည်ဖော်သွား မည်ဖြစ်သည်။

မဂ္ဂါဝပ် ၆၀၀ကျော်

ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း ကို အကောင်အထည်ဖော်ဆောင်ရွက် ခြင်းဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ကျော် ရရှိမည်ဖြစ်သည်။

ထို့ပြင် ချင်းတွင်းမြစ်ဝှမ်းအတွင်းရှိ စိုက်ပျိုးနိုင်သော မြေဧကနှစ်သန်းခန့် အနက် ၂၅ရာခိုင်နှုန်းခန့်ကို တစ်နှစ် ပတ်လုံး ရေသွင်းစိုက်ပျိုးနိုင်စေမည် ဖြစ်ကြောင်း ပဏာမလေ့လာ တိုင်းတာ မှုများအရ သိရသည်။

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီး ဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနတို့ကပူးပေါင်း တာဝန်ယူ တည်ဆောက် အကောင် အထည်ဖော်သွားမည်ဖြစ်သည်။

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း အတွက် အသေးစိတ် စူးစမ်းလေ့လာ တိုင်းတာမှုများကို ဆက်လက် ဆောင် ရွက်ရင်း အင်ဂျင်နီယာလုပ်ငန်း များကို စတင်ဆောင်ရွက်နေပြီဖြစ် သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား စစ်ကိုင်းတိုင်း မုံရွာ ခရိုင် ဘုတလင်မြို့နယ် ရွှေစာရေး ကျေးရွာအနီး ချင်းတွင်းမြစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းမုံရွာခရိုင် ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း ချင်းတွင်းမြစ်ကျဉ်းကို ရဟတ်ယာဉ်ပေါ်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်ဆရာတော် ဘဒ္ဒန္တပညာဇောတ၏ သိက္ခာထပ်အလှူတော်မင်္ဂလာ အခမ်းအနား
အလှူရှင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း တာမွေမြို့နယ် ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ်ဆရာတော် ဘဒ္ဒန္တပညာဇောတ၏ သိက္ခာထပ် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် အဆိုပါကျောင်းတိုက်ရှိ မဟာဇယ မင်္ဂလာ သိမ်ကျောင်းတော်၌ကျင်းပရာ အလှူရှင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တို့ တက်ရောက်ကြည်ညိုကြ၍ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

ဘင်္ဂလားဒေ့ရှ် ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ်ဆရာတော် ဘဒ္ဒန္တပညာဇောတအား နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က ပစ္စယာနုဂ္ဂဟ ရဟန်းဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူကျင်းပသော သိက္ခာထပ်မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ်ဆရာတော် ဘဒ္ဒန္တပညာဇောတနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ဝင်များ၊ ဘင်္ဂလားဒေ့ရှ်ဘုရားဖူးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ်ဆရာတော် ဘဒ္ဒန္တပညာဇောတ၏ သိက္ခာထပ် ကံဆောင်မင်္ဂလာအခမ်းအနားသို့ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် မဟာဇယမင်္ဂလာ သိမ်ကျောင်းတိုက်၌ကျင်းပရာ အလှူရှင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်ကြည်ညို ပူဇော်ကြပြီး ကံဆောင်ဆရာတော် သံဃာတော်များအားသိမ်ဆင်းလှူဖွယ် ပစ္စည်းများကို လောင်းလှူကြသည်။

ထို့နောက် သိက္ခာထပ်အလှူတော် မင်္ဂလာရေစက်ချ အခမ်းအနားကို အဆိုပါကျောင်း မဟာဇယသိမ်ကျောင်းတော်၌ကျင်းပရာ ရန်ကုန်တိုင်း သာသနာရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

အစီအစဉ်အရ ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့ အမှူးပြုသော ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော် သံဃာတော်များက မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

လှူဖွယ်ဆက်ကပ်

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တကုမာရအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်ဘုရားဖူး အဖွဲ့က ရွှေတိဂုံစေတီတော် ဘက်စုံ မွမ်းမံ တည်ဆောက်ရေးအတွက် လှူဒါန်းငွေကျပ် ၅၀၀၀၀၀နှင့် ရွှေပင် ငွေပင်၊ ရွှေထီး၊ ငွေထီးများအပါအဝင် ရတနာပစ္စည်း တန်ဖိုးငွေကျပ် ၇၀၀၀၀၀အပါအဝင်စုစုပေါင်း လှူဒါန်း ငွေ ကျပ် ၁၂၀၀၀၀၀ကို ဘင်္ဂလားဒေ့ရှ် ဘုရားဖူးအဖွဲ့ကိုယ်စား မစ္စတာ ရှောမော ကန်းတီးဘရူးဝါးက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဘင်္ဂလားဒေ့ရှ် ဘုရားဖူးအဖွဲ့က ဘင်္ဂလားဒေ့ရှ် ကျောင်းတိုက် ဆွမ်းပဒေသာပင် အတွက် လှူဒါန်းငွေကျပ် ၃၀၀၀၀၀ကို ဘုရားဖူးအဖွဲ့ကိုယ်စား ဒေါ်မနုမေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ် ဘုရားဖူးအဖွဲ့မှ မစ္စတာရှောမော ကန်းတီးဘရူးဝါးတို့က ရွှေတိဂုံ စေတီတော်အတွက် လှူဒါန်းသော ရွှေပင်၊ ငွေပင်နှင့် ရွှေထီး၊ ငွေထီး ရတနာပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက လှူဒါန်းမှုအတွက် အနုမောဒနာ တရားဒေသနာတော်ကို ဟောကြားချီးမြှင့် တော်မူပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့ အမှူးပြုသော ပရိသတ်များက လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင် အလှူရှင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင် ဝင်းရွှေတို့သည် နိုင်ငံတော်သံဃ မဟာ နာယက ဆရာတော်ကြီးများ၊ ဘင်္ဂလား ဒေ့ရှ်ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ် ဆရာတော်နှင့် ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရန်ကုန်တိုင်း တာမွေမြို့နယ် ဘင်္ဂလားဒေ့ရှ် ကျောင်းတိုက် ဘင်္ဂလားဒေ့ရှ် ဆရာတော် ဘဒ္ဒန္တပညာဇောတ၏ သိက္ခာထပ် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်သံဃာ တော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်က ဘူတန်လူငယ်ကို ငါးဂိုးပြတ်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၄ခုနှစ် ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက် လူငယ်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဖူးကက်မြို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် ဘူတန် လူငယ်လက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ် အသင်းက ငါးဂိုး-ဂိုးမရှိ ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၁၈မိနစ်တွင် ထွန်းမင်းဦးက ပထမဂိုးကို လည်းကောင်း၊ ၄၅မိနစ်တွင် ထွန်းမင်းဦးကပင် ဒုတိယဂိုးကိုလည်းကောင်းသွင်းယူပြီး ပထမပိုင်း၌ မြန်မာလူငယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားခဲ့ရှိသည်။

ဒုတိယပိုင်း ပြန်လည်ကစားရာ၌ သုံးမိနစ်တွင် ကျော်ကျော်ဦးက တတိယဂိုးကိုလည်းကောင်း၊ ၁၄မိနစ်တွင် ထွန်းမင်းဦးက စတုတ္ထဂိုးကို လည်းကောင်း၊ ၃၅မိနစ်တွင် ကျော်ကျော်ဦးက ပဥ္စမဂိုးကိုလည်းကောင်း အသီးသီးသွင်းယူကြသည်။

ဖေဖော်ဝါရီ ၇ရက် ဒေသစံတော်ချိန် ၃နာရီခွဲတွင် ပထမအကြိမ်ဗိုလ်လုပွဲ အဖြစ် မြန်မာလူငယ်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်လူငယ်အသင်းတို့သည် လည်းကောင်း၊ ဒုတိယအကြိမ်ဗိုလ်လုပွဲအဖြစ် အိန္ဒိယလူငယ်အသင်းနှင့် အိမ်ရှင် ထိုင်းလူငယ်တို့ သည်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

တပ်မတော်ဆေးတပ်ဖွဲ့သို့ သူနာတင်ယာဉ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၆

ကိုရီးယားသမ္မတနိုင်ငံ SOS Dhehan Motors Co., Ltd. က တပ်မတော်ဆေးတပ်ဖွဲ့တွင် အသုံးပြုရန်အတွက် သူနာတင်ယာဉ်နှစ်စီး ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက် နံနက် ၉နာရီတွင် တပ်မတော် အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀)အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ SOS Dhehan Motors Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Kim Sun In နှင့် ဒါရိုက်တာ ဦးအေးကိုတို့က သူနာတင်ယာဉ်နှစ်စီးလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီးယာဉ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုပေးအပ်ရာ တပ်မတော် ဆေးတပ်ဖွဲ့ ကိုယ်စား ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် အဆိုပါသူနာတင်ယာဉ်နှစ်စီးအား ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်မောင်က အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)တို့သို့ ယာဉ်တစ်စီးစီ ပြန်လည်လွှဲပြောင်းပေးအပ်ပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အာရှတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ခတပြိုင်ပွဲ၌ မြန်မာအသင်း ဒုတိယရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ် (တိုင်ပေ)၌ကျင်းပသော အာရှ တံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲသို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း(၂၂)နိုင်ငံ ယှဉ်ပြိုင်လျက် ရှိရာ ယနေ့ကျင်းပသော အမျိုးသားအသင်းလိုက် "ခတ"ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ငွေတံဆိပ်ဆုဆွတ်ခူးရရှိသည်။

ယင်းပြိုင်ပွဲတွင် ဂျပန်က ပထမ၊ မြန်မာက ဒုတိယနှင့် အီရန်က တတိယ ရရှိသည်။ မြန်မာအသင်းတွင် ဝမ်းကိုကိုဦး၊ မြင့်ဇော်ဦးနှင့် မင်းအေးတို့ပါဝင် ယှဉ်ပြိုင်ခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅ ၇။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၁၅ ၈။ အကပြိုင်ပွဲ
၈:၂၀ ၉။ ရွှေလီတံတား
၈:၃၀၁၀။ International News.
၈:၄၅၁၁။ Grammar Made Easy.
၉:၀၀၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၀၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း-၁၃)**
၁:၃၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁:၄၀ ၈။ **ရုပ်မြင်သံကြားဇာတ်လမ်း ရေပြင်ညီ (ရန်အောင်၊ခိုင်သင်းကြည်၊ သစ္စာဝင့်ထည်၊သူသူဟံသာ) (ဒါရိုက်တာ-သက်တင်)**
၂:၄၅ ၉။ International News.
၃:၀၀၁၀။ အစီအစဉ်ပြီး၏

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရက္ခဗေဒ၊သတ္တဗေဒအထူးပြုများ) (သတ္တဗေဒ)
၅:၁၀ ၆။ ကယားရိုးရာဝတ်စားဆင်ယင်မှု
၅:၁၅ ၇။ မအိချောင်းတံတား
၅:၂၀ ၈။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၅ ၉။ တေးဂီတအစီအစဉ်
၅:၄၅ ၁၀။ ရခိုင်ပြည်နယ်ယဉ်ကျေးမှုပြတိုက်
၅:၅၅ ၁၁။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၂၀ ၁၂။ စားကြမယ်ဟော့ကောင်းကောင်း
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ Discovery
၇:၁၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း-၁၅)**
၇:၄၀ ၁၇။ ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ မွန်ပြည်နယ်(အပိုင်း-၂)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **ရုပ်မြင်သံကြားဇာတ်လမ်း ပိုင်နိုင်နိုင်မြဲအောင် (ခန့်စည်သူ၊ထွန်းထွန်းဝင်း၊ ထင်ပေါ်၊မျိုးစန္ဒီကျော်၊ငွေစင်သွန်း၊ သူသူဟံသာ) (ဒါရိုက်တာ-သက်တင်)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏

ကန်တပ်ဖွဲ့က စိန်ပြောင်းဖြင့်ပစ်ခတ်၍ အီရတ်မိသားစု ထိခိုက်သေဆုံး လျော်ကြေးရလိုမှုဖြင့် ကယ်ကွတ်မြို့တွင် တရားစွဲဆိုမည်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

အီရတ်တွင် အမေရိကန်သမ္မတက စစ်ပွဲပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက်ပိုင်းတွင် အသေခံကားဗုံးနှစ်လုံး ဆက်တိုက်ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်ကြောင့် သေဆုံးသူအရေအတွက်မှာ တစ်ရာကျော်သွားပြီဖြစ်ကြောင်း သိရသည်။ ထိုအခိုက်မှာပင် အမေရိကန်တပ်ဖွဲ့ဝင်များသည် ကလေးငယ်တစ်ဦးကို ပစ်ခတ်မိခဲ့သည့်အတွက် သေဆုံးရသောကိစ္စကို တောင်းပန်ကြောင်း သတင်းများလည်း ထွက်ပေါ်လာသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံမြို့ ကယ်ကွတ်တွင် ဖေဖော်ဝါရီ ၂ ရက်က မိသားစုတစ်စု အနားယူနေကြသည်။ ထိုနေရာသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်လိုက်သည့် စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲခဲ့ရာ အီရတ်ယောကျ်ားကလေးတစ်ဦး သေဆုံးရသည့်ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ ထိုကလေး သေဆုံးရသည့်ကိစ္စတွင် မိမိတပ်ဖွဲ့၌ တာဝန်ရှိကြောင်းကို ဗိုလ်မှူးကြီး ဝီလျမ်မေဘယ်လီက ဝန်ခံပြောကြားခဲ့သည်။

ထိုစိန်ပြောင်းဗုံးသီး ပေါက်ကွဲမှုကြောင့် သေဆုံးသူကလေး၏ မိခင်နှင့် အခြား ညီအစ်ကို နှစ်ဦးတို့လည်း ဒဏ်ရာ အသီးသီးရရှိသွားကြသည်။ အထက်ပါကိစ္စနှင့် ပတ်သက်သည့် အစည်းအဝေးတစ်ရပ်ကို ဗိုလ်မှူးကြီး မေဘယ်လီနှင့် ဒေသဆိုင်ရာ အာဏာပိုင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ထိုအစည်းအဝေးသို့ အေအက်ဖ်ပီ သတင်းထောက်လည်း သွားရောက်ခဲ့သည်ဟု ဆိုသည်။ ထိုအစည်းအဝေးတွင် မေဘယ်လီက စိန်ပြောင်းထိမှန်သည့်အဖြစ်အပျက်ကို စုံစမ်းဖော်ထုတ်ရန် အမိန့်ပေးထားပြီးဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်မိသားစု အနားယူနေသောနေရာတွင် ခုခံတိုက်ခိုက်ရေးသမားများ ရောက်ရှိနေသည်ဟု ယူဆ၍ ပစ်ခတ်ခဲ့ကြခြင်းဖြစ်သည်။

ယခုကဲ့သို့ သေဆုံးခဲ့ရသည်အထိ မှားယွင်းခဲ့ရသော ကိစ္စအတွက် ကျူးလွန်ခဲ့ကြသူများ အပေါ်တွင် တာဝန်ရှိစေရမည်ဟု ၎င်းက ပြောကြားခဲ့သည်ဟု သိရသည်။

သေဆုံးသူ ကိုးနှစ်သားကလေးငယ်အတွက် လျော်ကြေး အမေရိကန်ဒေါ်လာ ၂၅၀၀ နှင့် ဒဏ်ရာရသွားသူ တစ်ဦးစီအတွက် လျော်ကြေးငွေ ဒေါ်လာ ၁၅၀၀ စီ အသီးသီးပေးရန် အမိန့်ပေးထားပြီး ဖြစ်ကြောင်း မေဘယ်လီက ပြောကြားသည်။

ထိုလျော်ကြေးငွေမှာ ပူဆွေးနေရသော မိသားစုအတွက် ဖြေသိမ့်နိုင်စရာမရှိသောကြောင့် လျော်ကြေးရလိုမှုဖြင့် ကယ်ကွတ်တရားရုံး၌ တရားစွဲသွားမည် ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားကြောင်း သိရသည်။

ဆုံးပါးသွားသူမှာ မိမိ၏ သားယောကျ်ားကလေးဖြစ်သည်။ ကလေးငယ်မှာ ဆူပူတိုက်ခိုက်မှုများနှင့် ဘာမျှမဆိုင်ကြောင်း၊ အခင်းဖြစ်ပွားချိန်တွင် ကလေးငယ်သည်သူ၏ ညီအစ်ကိုများနှင့်အတူ ဆော့ကစားနေချိန်ဖြစ်သည်ဟု အသက် ၃၁ နှစ်ရှိ ဖခင် ဆာမီအောဝဒ်က ပြောကြားသည်။

အမေရိကန် ထောက်လှမ်းရေးအဖွဲ့ (အက်ဖ်ဘီအိုင်)မှ သေမှုသေခင်းဆိုင်ရာ စုံစမ်းရေးအဖွဲ့သည် အာဘီးလ်အရပ်ရှိ အပြိုအပျက်များအတွင်း စစ်ဆေးရှာဖွေ စုံစမ်းမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ဗိုလ်မှူးချုပ် မတ်ထင်မစ်က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

အင်တာနက်။

ကြေးမုံ

The Mirror

နိုင်ငံခြားသတင်းများ

အမေရိကန် တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည့် အီရတ်မိန်းကလေးတစ်ဦးအား တီကရစ်မြို့တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ရွေးကောက်ပွဲတွင်ဘုရှ်ရှုံးနိမ့်မည်ဟု ကနေဒါလူထုစစ်တမ်း၌ ဖော်ပြ

တိုရွန်တို ဖေဖော်ဝါရီ ၅

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်သည် လာမည့်ရွေးကောက်ပွဲတွင် ရှုံးနိမ့်မည်ဖြစ်ကြောင်း ကနေဒါပြည်သူ အများစုက မျှော်လင့်လျက်ရှိကြပြီး ဘုရှ်အား မည်သူမည်ဝါ နိုင်နိုင် စိုးရိမ်ကြောင့်ကြစရာမလိုကြောင်း မဂ္ဂဇင်းတစ်စောင်ကပြုလုပ်သည့် လူထုစစ်တမ်းတစ်ရပ်ကဖော်ပြသည်။

ကနေဒါနိုင်ငံသားများက သမ္မတဘုရှ်အား ရွေးကောက်ပွဲတွင် ရှုံးနိမ့်စေရန်မျှော်လင့်နေကြကြောင်း ၁၅ ရာနှုန်းသော ကနေဒါနိုင်ငံသားများကသာ အခွင့်အရေးရပါက ဘုရှ်အတွက် အသေအချာ မဲပေးကြမည်ဖြစ်ကြောင်း မကလင်းမဂ္ဂဇင်း၏ လူထုစစ်တမ်းကောက်ယူမှုအရ သိရသည်။

၄၀ ရာခိုင်နှုန်းသော ကနေဒါနိုင်ငံသားများက အခြားသူတစ်ဦးအား မဲပေးမည်ဖြစ်ပြီး ၂၈ ရာနှုန်းက သမ္မတဘုရှ်ထက်သာသော အခြားတစ်ဦးအား ရွေးချယ်ရန်စဉ်းစားနေကာ ၁၇ ရာနှုန်းကမူ မည်သူ့ကိုမဲပေးရမှန်းမသိကြောင်း ၎င်းစစ်တမ်းက ဖော်ပြထားသည်။

ဝန်ကြီးချုပ်ဟောင်း ခရက်တီယန် အုပ်ချုပ်ခဲ့စဉ်နှစ်များ နောက်ပိုင်း ကောက်ယူခဲ့သော လူထုသဘောထားစစ်တမ်းများက အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးတိုးတက်လိုသည့် ကျယ်ပြန့်သည့် ဆန္ဒရှိသည်ဟု ဖော်ပြခဲ့ကြသော်လည်း မိမိတို့က ဂျော့ဂျ်၊ဘုရှ်အစိုးရနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လိုမှု မရှိကြောင်း အဆိုပါမဂ္ဂဇင်းက ပြောကြားသည်။

ကနေဒါနိုင်ငံက ယခင်သမ္မတဖြစ်ခဲ့သူများထက် ဘုရှ်နှင့် ဆက်ဆံရသည်မှာ ပိုမိုဆိုးရွားကြောင်းဖြင့် ၄၃ ရာနှုန်းသော ကနေဒါနိုင်ငံသားတို့က ပြောကြားပြီး ၁၂ ရာနှုန်းကမူ သမ္မတဘုရှ် ပိုမိုကောင်းမွန်ကြောင်းနှင့် ၃၃ ရာနှုန်းက ကွဲပြားမှုမရှိကြောင်း ပြောကြားကြသည်။

အမေရိကန် ဦးဆောင်၍ အီရတ်နိုင်ငံအား စစ်ဆင်နွှဲတိုက်ခိုက်ရာတွင် ပါဝင်ပူးပေါင်းရန် ကနေဒါက ငြင်းဆန်ခဲ့သဖြင့် အိမ်နီး ချင်းနှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် ကနေဒါတို့၏ ဆက်ဆံရေးမှာ မကြာမီကာလက တင်းမာလာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်လက်နက်ကိစ္စ ထောက်လှမ်းရေးသတင်းများ လွှတ်တော်အမတ်များက ရမ်းစဖဲလ်ကို ခက်ခဲသည့်မေးခွန်းများမေး

ဝါရှင်တန် ဖေဖော်ဝါရီ ၅

အီရတ်နိုင်ငံတွင် အဖျက်စွမ်းအားကြီးမားသည့် လက်နက်များရှိသည်ဆိုသော အမေရိကန်ထောက်လှမ်းရေးသတင်းများ မမှန်ကန်ဆိုသည်ကို ဝိုင်းဝန်းဝေဖန်နေချိန်မှာပင် ယင်းကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်အထက်လွှတ်တော်အမတ်များက အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါနယ်ရမ်းစဖဲလ်ကို ခက်ခဲသည့်မေးခွန်းများ ဝိုင်းဝန်းမေးမြန်းလျက်ရှိကြောင်းသိရသည်။ ရမ်းစဖဲလ်အနေဖြင့် လွှတ်တော်နှစ် ရပ်ရှေ့မှောက်တွင် ပြောကြားနေရာ အီရတ်တွင် ဓာတုနှင့် ဇီဝလက်နက်များဆိုင်ရာ အမေရိကန် ထောက်လှမ်းရေးသတင်းမှာယွင်းမှုကိုဝန်ခံခြင်းမရှိဘဲ ယင်းကိစ္စကို ဆက်ဒမ်ဟူစိန်အပေါ်ကိုသာ အပြစ်ပုံချနေကြောင်း သိရှိရသည်။ ရမ်းစဖဲလ်က ယခုကဲ့သို့ ဆက်လက်ငြင်းဆန်နေသော်လည်း ဒီမိုကရက်တစ်အမတ်များကမူ ထိရောက်သည့်မေးခွန်းများကို ၎င်းအား ဖိပြီးဆက်လက်မေးမြန်းလျက်ရှိသည်။

စီအင်န်အင်န်

ဖေဖော်ဝါရီ ၄ ရက်က ဗြိတိသျှပါလီမန်၌ အီရတ်လက်နက်ကိစ္စ ထောက်လှမ်းရေးသတင်းများနှင့်ပတ်သက်၍ အချေအတင် ဆွေးနွေးနေစဉ် ဆန္ဒပြသူများက ဝန်ကြီးချုပ်ရုံးအဝင်၌ ဆေးဖြူများပက်ဖျန်းထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲသည် ဗြိတိန်နိုင်ငံ၏ မှားယွင်းမှုကြီးဖြစ်

လန်ဒန် ဖေဖော်ဝါရီ ၅

အီရတ်နိုင်ငံ စူးအက်ဒေသကို ၁၉၅၆ ခုနှစ်က ဗြိတိန်နှင့် ပြင်သစ်တပ်များ စေလွှတ်ပြီးသည့်နောက် အီရတ်စစ်ပွဲမှာ ဗြိတိန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် အလွဲလွဲအချော်ချော် မှားယွင်းမှုအဖြစ်ဆိုးပင်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေး ဝန်ကြီးဟောင်း ရော်ဘင်ကွတ်က သတိပေးပြောကြားလိုက်သည်။

စူးအက် အရေးအခင်းနောက်ပိုင်းတွင် အီရတ်စစ်ပွဲသည် ဗြိတိန်နိုင်ငံ၏ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒတွင် အကြီးဆုံးသော အလွဲလွဲအချော်ချော် မှားယွင်းမှုဖြစ်ကြောင်း ပြသနေသည်ဟု ဗုဒ္ဓဟူးနေ့ထုတ် အင်ဒီပင်းဒင့်သတင်းစာတွင် ရော်ဘင်ကွတ်က ရေးသားလိုက်သည်။

အီရတ်ကို စစ်ဆင်တိုက်ခိုက်ခြင်းသည် လူအစုအပြုံလိုက်သေစေနိုင်သော မည်သည့်လက်နက်တစ်စုံတစ်ရာကိုမျှ ဖျက်သိမ်းနိုင်ခြင်း အခွင့်မရှိသလို၊ ဗြိတိန်နိုင်ငံ၏ အမျိုးသားစီးပွားရေးကို ခြိမ်းခြောက်သော မည်သည့်အကြမ်းဖက်အန္တရာယ်ကိုမျှလည်း လျော့ပါးသွားအောင်မလုပ်နိုင်ကြောင်း ရော်ဘင်ကွတ်က ထောက်ပြသည်။

အင်တာနက်။

ဖေဖော်ဝါရီ ၄ ရက်က ဘဂ္ဂဒက်မြို့ပေါ်တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမျိုးသားလုံခြုံရေးကိစ္စ သမ္မတဘုရှ်ထက် မိမိပိုမိုနားလည် အငြိမ်းစား အမေရိကန်ဗိုလ်ချုပ်ကြီးကလပ် ဝေဖန်ပြောကြား

မက်ဆီလာ(နယူးမက္ကဆီကို) ဖေဖော်ဝါရီ ၂

မိမိသည် အမျိုးသားလုံခြုံရေး အခြေအနေနှင့်ပတ်သက်၍ သမ္မတ ဂျော့ဂျ်၊ဘုရှ် သိသည်ထက် မိမိ ပိုမိုသိမြင်ကြောင်း စသည်ဖြင့် အမေရိကန် အငြိမ်းစား ဗိုလ်ချုပ်ကြီး ဝက်စလေကလပ်က စနေနေ့က ပြောကြားလိုက်သည်။ နေတိုးအဖွဲ့ တပ်မှူးဟောင်း ဝက်စလေကလပ်သည် အရီဇိုးနားမှ နယူးမက္ကဆီကို၊ အိုကလာဟိုးမားပြည်နယ်များသို့ လေယာဉ်ဖြင့် သွားရောက်ခဲ့သည်။

ယင်းပြည်နယ်သုံးခုသည် လာမည့်အင်္ဂါနေ့တွင် ကျင်းပမည့် ပြည်နယ် အကြိုရွေးကောက်ပွဲ ခုနစ်ခုတွင် ဒီမိုကရက်တစ်ပါတီမှ သမ္မတရွေးကောက်ပွဲ ဝင်ရောက်ကျင်းပမည့် ၎င်းအား ထောက်ခံမှု အများဆုံးပေးခဲ့သည့် ပြည်နယ်များဖြစ်ကြောင်း လူထုစစ်တမ်းသဘောထားအရ သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုဒဏ် ခံနေရသော အီရတ်မြင်ကွင်း

အီရတ်စစ်ပွဲ မှတ်တမ်းများ

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၅ရက်အထိ အီရတ်စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပြည်နယ်အလိုက် သေဆုံးမှု

အမေရိကန်တပ်ဖွဲ့များသည် အီရတ်နိုင်ငံကို ၂၀၀၃ခုနှစ် မတ်လ ၂၀ရက်မှစတင်၍ ကျူးကျော်စစ်ကို ဆင်နွှဲခဲ့သည်။ အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန် တပ်ဖွဲ့ဝင်အများအပြား သေဆုံးဒဏ်ရာရရှိခဲ့ပြီး ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့အထိ သေဆုံးသည့်တပ်ဖွဲ့ဝင်ပေါင်းမှာ ၅၂၉ဦး ရှိပြီဖြစ်သည်။

ဘဂ္ဂဒက်အနောက်ဘက် ကီလို မီတာ ၈၀ အကွာ ခါလ်ဒီယာမြို့တွင် ၂၀၀၃ခုနှစ် စက်တင်ဘာလ ၁၉ရက်က ချုံခို တိုက်ခိုက်ခံရမှုကြောင့် မီးလောင်ကျွမ်းလျက်ရှိသော အမေရိကန်ကြည်းတပ်မှ ထရပ်ကားတစ်စီးကို တွေ့ရစဉ်။

ပျက်စီးသွားသည့် အမေရိကန်ဂျစ်ကား

အီရတ်နိုင်ငံတောင်ပိုင်း နာဆာရီယာမြို့အနီးတွင် ၂၀၀၃ခုနှစ် မတ်လ ၂၆ရက်က ဖြစ်ပွားသည့် တိုက်ခိုက်မှုအတွင်း ပျက်စီးသွားသည့် အမေရိကန် ဂျစ်ကားတစ်စီး၏ အပျက်အစီးများကို တွေ့ရစဉ်။

ဟမ်းဗီးယာဉ် မီးလောင်

၂၀၀၃ခုနှစ် စက်တင်ဘာ ၁၂ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ အနီး၌ အမေရိကန်ဟမ်းဗီး စစ်ယာဉ်တစ်စီး လမ်းပေါ်တွင် ထောင်ထားသည့် ဗုံးပေါက်ကွဲ၍ မီးလောင်ကျွမ်းနေစဉ်။

ချုံခိုတိုက်ခိုက်

မြို့တော် ဘဂ္ဂဒက်ရှိ အယ်လ်ခါရာဒါ ရပ်ကွက်တွင် အီရတ်ပြောက်ကျားတို့၏ ချုံခိုတိုက်ခိုက်မှုကြောင့် အမေရိကန် အမှတ်(၁) ယန္တရားတပ်မမှ ယာဉ်တစ်စီး ပျက်စီးနေသည်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁၈ရက်က တွေ့ရစဉ်။

အမေရိကန်တပ်ဖွဲ့ဝင်များ ပြည်နယ်အလိုက်သေဆုံးမှု ၅-၂-၂၀၀၄နေ့အထိ

ပြည်နယ်	အရေအတွက်	ပြည်နယ်	အရေအတွက်
အယ်ဘားမား	၁၃	မြောက်ကာရိုလိုင်းနား	၁၄
အာရီဇိုးနား	၁၃	မြောက်ဒါကိုတာ	၄
အာကင်ဆပ်	၃	နယူးဟမ့်ရှိုင်းယား	၂
ကယ်လီဖိုးနီးယား	၅၅	နယူးဂျာစီ	၁၁
ကော်လိုရာဒို	၈	နယူးမက္ကဆီကို	၂
ကွန်နက်တီကပ်	၅	နယူးယောက်	၂၂
ကိုလံဘီယာ	၂	နီဘရာစကာ	၇
ဒါလာဝဲ	၄	နီဗားဒါး	၄
ဖလော်ရီဒါ	၁၆	အိုဟိုင်းယိုး	၁၆
ဂျော်ဂျီယာ	၁၅	အိုကလာဟိုးမား	၈
ဟာဝိုင်ယီ	၂	အော်ရီဂွန်	၉
အိုင်ဒါဟို	၅	ပင်ဆယ်ဗေးနီးယား	၂၉
အီလီနွိုက်စ်	၂၀	ရိုဒီကျွန်း	၄
အင်ဒီယားနား	၁၆	တောင်ကာရိုလိုင်းနား	၁၃
အိုင်အိုဝါ	၁၀	တောင်ဒါကိုတာ	၅
ကင်းဆပ်	၅	တင်နက်ဆီ	၁၃
ကင်တပ်ကီ	၄	တက္ကဆက်	၄၁
လူဝီစီယားနား	၅	ယူတား	၅
မိန်း	၃	ဗာဂျီးနီးယား	၁၄
မက်ဆာချူးဆက်	၉	ဗားမောင့်	၆
မေရီလန်း	၅	အနောက်ဗာဂျီးနီးယား	၂
မီချီဂန်	၂၀	ဝါရှင်တန်	၈
မင်နီဆိုးတား	၃	ဝစ္စကွန်ဆင်	၁၀
မစ္စစ္စပီ	၁၀	ဝိုင်အိုမင်း	၅
မစ်ဆူရီ	၁၀	အမေရိကန်ဆာမိုအာ	၃
		ပွာတိုရီကို	၈
မွန်တားနား	၃	**စုစုပေါင်း**	**၅၂၉**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းကို ဆက်သွယ်ပေးထားသော ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားကြီးကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
အဆင့်မြင့်ပညာရေး		
တက္ကသိုလ်	၁	၅
ကောလိပ်	၂	၉
စိုက်ပျိုးရေး		
စပါးအထွက်တင်း(သန်း)	၅၉	၁၁၇
စိုက်ပျိုးမြေဧက	၂၉၀၉၆၂၁	၃၉၃၀၅၁၈
ဆည်တမံ	၁၉	၂၂၂
လမ်း/တံတား		
ကတ္တရာလမ်းမိုင်	၁၆၂	၁၉၉
ကျောက်ချောလမ်းမိုင်	၃၄	၆၅
မြေသားလမ်း	၁၂	၇၅
ရထားလမ်း	၃၅၀	၄၆၀
ပေ၁၈၀အထက်တံတား	၁၄	၂၅
ပေ၁၈၀အောက်တံတား	၁၃၄၈	၁၆၄၄

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဓာတ်ပုံမှတ်တမ်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ဆက်သွယ်ရေး		
စာတိုက်	၅၄	၇၄
ကြေးနန်းရုံး	၃၂	၄၅
တယ်လီဖုန်း	၁၇၃၆	၁၄၀၁၆
မိုက္ကရိုဝေ့ဗ်	၄	၂၁
ပြန်ကြားရေး		
မြန်မာ့အလင်း၊ ကြေးမုံ ကိုယ်ပွားသတင်းစာတိုက်(ကလေး)	–	၁
ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	၃	၁၈
ပြန်/ဆက်ရုံး	–	၂၂
စာကြည့်တိုက်	–	၂၂
e-Library	-	၅၃
ရေအားလျှပ်စစ်	–	၂
စက်မှုဇုန်	–	၄
အခြေခံပညာရေး		
အထက်တန်းကျောင်း	၆၃	၈၅
အလယ်တန်းကျောင်း	၁၄၉	၁၉၀
မူလတန်းကျောင်း	၃၂၅၅	၃၈၆၀



စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းရှိ ထန်းဇလုပ်ရေလှောင်တမံကို တွေ့ရစဉ်။

မုံရွာလေဆိပ်အဆောက်အအုံသစ်ကို တွေ့ရစဉ်။

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

ဤကမ္ဘာမြေပေါ်တွင် နိုင်ငံကြီး၊ လတ်၊ ငယ် များစွာရှိရာ၌ အချုပ်အခြာအာဏာပိုင် နိုင်ငံပေါင်း ၂၆၉ နိုင်ငံရှိသည်။ ယင်းတို့အနက် နိုင်ငံ ၂၀ ခန့်မှာ ပြည်ထောင်စုများဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးသို့ ဝင်ရောက်ထားသော အဖွဲ့ဝင်နိုင်ငံပေါင်းမှာ ယနေ့အထိ ၁၉၁ နိုင်ငံရှိသည်။

ပြည်ထောင်စုဟူသည် နိုင်ငံတစ်ခုကိုတည်ထောင်ဖွဲ့စည်းသည့် ပုံသဏ္ဌာန်အမျိုးအစား တစ်ခုဖြစ်သည်။ များစွာသော နိုင်ငံတို့မှာ တစ်ပြည်ထောင်စနစ် (Unitary) ဖြင့် တည်ဆောက်ထားကြသည်။ တစ်ပြည်ထောင်စနစ်က တစ်နိုင်ငံလုံးကို တစုတပေါင်းတည်း ဗဟိုအစိုးရ တစ်ခုတည်းက စီမံအုပ်ချုပ်သည်။

ပြည်ထောင်စုစနစ်တွင် ပြည်နယ်၊ တိုင်းဒေသများ ပိုင်းခြားဖွဲ့စည်းသည်။ ဗဟိုပြည်ထောင်စုအစိုးရအပြင် ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့များ ထားရှိသည်။ ပြည်ထောင်စုနိုင်ငံများသည် နိုင်ငံရှေ့တွင် Union, United, Federal စသည့် ဝိသေသစာလုံးများဖြင့် တွဲ၍သုံးကြသည်။

အချို့က ပြည်ထောင်စုပုံသဏ္ဌာန်ဖြင့် ဖွဲ့စည်းတည်ထောင်သော်လည်းနိုင်ငံအမည်တွင်ပြည်ထောင်စုဟူသော ရှေ့ဆက်စာလုံးမသုံးချေ။ ဥပမာ-ကနေဒါ၊ အိန္ဒိယ၊ မက္ကဆီကို၊ ဩစတြေးလျစသည်တို့ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ နယ်ပယ်ဒေသများကို ပြည်နယ်များအဖြစ် သတ်မှတ်ကာ စုပေါင်းဖွဲ့စည်းသော နိုင်ငံများလည်းရှိသည်။ ဥပမာ- မြန်မာ။ လူမျိုးကွဲပြားမှုဒေသအလိုက် ပြည်နယ်မဖွဲ့ဘဲ အုပ်ချုပ်ရေးအရ၊ ပထဝီအနေအထားအရ ပြည်နယ်များသတ်မှတ်ထား သော်လည်း အဓိကအားဖြင့် လူဖြူတို့၏ ပြည်နယ်များသာဖြစ်နေသော ပြည်ထောင်စုမျိုးလည်းရှိသည်။ ဥပမာ-အမေရိကန်ပြည်ထောင်စု။

တိုင်းရင်းသားလူမျိုး ၅၅ မျိုး ရှိသော်လည်း ပြည်ထောင်စုဟူ၍ မဖွဲ့ဘဲ တစ်ပြည်ထောင်ပုံစံဖြင့် ဖွဲ့စည်းသောနိုင်ငံမျိုးလည်းရှိသည်။ ဥပမာ- တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

အမေရိကတိုက် တောင်နှင့် မြောက်တွင် ပြည်ထောင်စုအဖြစ် ဖွဲ့စည်းသောနိုင်ငံများမှာ ကနေဒါ၊ အမေရိကန်၊ မက္ကဆီကိုနှင့် ဘရာဇီးတို့ဖြစ်သည်။ ဥရောပတွင် ယူနိုက်တက်ကင်းဒမ်း (UK) ခေါ် ဗြိတိသျှ ဘုရင့်နိုင်ငံ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ယူဂိုဆလားဗီးယားတို့သည် ပြည်ထောင်စုများဖြစ်သည်။

ယူအက်စ်အက်စ်အာရ်ခေါ်ဆိုဗီယက်ပြည်ထောင်စုသည် ဥရောပတွင် တစ်ပိုင်း၊ အာရှတွင်တစ်ပိုင်း အကျုံးဝင်ကာ ကမ္ဘာမြေ၏ ခြောက်ပုံတစ်ပုံ ကျယ်ဝန်းစွာ တည်ရှိခဲ့ဖူးသည်။ ကမ္ဘာ့နာရီဇုန် ၂၄ ဇုန် အနက် ဆိုဗီယက်တွင် ၁၁ဇုန် ရှိသည်။ အာရှတွင် မြန်မာ၊ အိန္ဒိယ၊ ဩစတြေးလျနိုင်ငံတို့သည် ပြည်ထောင်စုများ ဖြစ်ကြသည်။

အာဖရိကတိုက်တွင် နိုင်ဂျီးရီးယား၊ တန်ဇန်နီးယား၊ အီသီယိုးပီးယား၊ ကင်မရွန်းနိုင်ငံတို့သည် ပြည်ထောင်စုများဖြစ်သည်။ အရှေ့အလယ်ပိုင်းတွင် အီဂျစ်၊ အီရတ် စသည်တို့ကို ယူအေအာရ်ခေါ် အာရပ်ပြည်ထောင်စု ဖွဲ့ခဲ့ဖူးသည်။ ယူအေအီးခေါ် အာရပ်စော်ဘွား ပြည်ထောင်စုတည်ရှိဆဲ ဖြစ်သည်။

ဥရောပတွင် ဆွီဒင်နှင့်နော်ဝေတို့ ပူးပေါင်းခဲ့ဖူးသည်။ ချက်နှင့်ဆလိုဗက်တို့သည် ယခင်က ချက်ကိုဆလိုဗက် ဟူ၍ ပူးပေါင်းနိုင်ငံဖြစ်ခဲ့ပြီး ယခုစစ်အေးလွန်ကာလတွင် ချက်သမ္မတနိုင်ငံနှင့် ဆလိုဗက်နိုင်ငံဟူ၍ ခွဲလိုက်ကြပြီဖြစ်သည်။

ကမ္ဘာ့ပြည်ထောင်စုများတွင် သီးခြားနိုင်ငံနှစ်ခု၊ သုံးခုပူးပေါင်းလိုက်၊ ပြန်ခွဲသွားလိုက် လုပ်ကြခြင်းမျိုးကို အာရပ် ပြည်ထောင်စုသမ္မတနိုင်ငံ၊ ဆွီဒင်၊ နော်ဝေ ပူးပေါင်း နိုင်ငံတို့တွင် တွေ့ရသည်။ သူ့သဘောသူဆောင်ပြီး မိမိတို့ဆန္ဒအလျောက် ပူးပေါင်းကြ၊ မိမိတို့ဆန္ဒအလျောက် ပြန်ခွဲကြ လုပ်ကြခြင်းဖြစ်၍ မည်သို့မျှပြောရန်၊ဝေဖန်ရန်မလိုချေ။ အခြားတစ်ပါးသော(ပြည်ပ ပယောဂ၊ ပြည်တွင်းပယောဂ)များကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုသားအားလုံး၏ ဆန္ဒအလျောက်မဟုတ်ဘဲ ပြိုကွဲသွားသော ပြည်ထောင်စုများရှိ၏။ သင်ခန်းစာ ယူဖွယ်ကောင်းလှ၏။ ဥပမာ- ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ (USSR)၊ ယူဂိုဆလပ် ပြည်ထောင်စုနှင့် ချက်ကိုဆလိုဗေးကီးယားတို့ဖြစ်သည်။

ပြည်ထောင်စုအတွင်းမှ ခွဲထွက်လိုသူများအလိုကို မလိုက်ဘဲ ပြည်ထောင်စု မပြိုကွဲစေရန် နည်းမျိုးစုံ (စစ်ရေးအရ)သုံးကာ ဖြေရှင်းကာကွယ်နေသော နိုင်ငံများ လည်းရှိ၏။ ဥပမာ- အမေရိကန်ပြည်ထောင်စုနှင့် ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်) တို့ဖြစ်သည်။

ဗြိတိန်မှ အင်္ဂလိပ်၊ စကော့၊ ဝေလ၊ အိုင်းရစ်လူဖြူများသည် လွန်ခဲ့သောနှစ် ၃၀၀ ခန့်က ဒေသခံ ရက်ဒ်အင်ဒီးယန်းများ၏ နယ်မြေဖြစ်သော အမေရိကတိုက်မြောက်ပိုင်းသို့ နယ်သစ်ပယ်သစ်(ကိုလိုနီ) ထူထောင်အခြေချခဲ့သည်။ နောင်ဥရောပနိုင်ငံစုံမှ လူဖြူများပါ ရောက်လာ၏။ ကိုလိုနီ၁၃ခု ဖြစ်လာသည်။၁၇၇၆ခုနှစ် ဇူလိုင်လ ၄ရက်နေ့တွင် လွတ်လပ်ရေးကြေညာ၏။ ခဲ့ဖူးသည်။ မြော... (တိုအိုင်းရစ်ရှ် ပါတီ... ပတ်ဘလီကင်အာ... အနုနည်း၊ အကြမ်း... ရှိသည်။ ယူကေဗ... မပြိုကွဲရေးအတွက်... ရှိသည်။

၁၉၁၇ ခုနှစ်... အောင်မြင်ပြီးနော... ပထမဆုံးသော ဆို...

သင်ခန်းစာယူသင့်သော ပြည်ထောင်စုနိုင်ငံအချို့၏ ဖြစ်ရပ်များနှင့် မြန်မာတိုင်းရင်းသားတို့၏ ပြည်ထောင်စုအစဉ်အလာ

ဆာရာယေဗိုမြို့တော်တွင် ဆာ့ဘ်တို့ပစ်ခတ်လိုက်သော စိန်ပြောင်းကျည်ဆန်ထိမှန်သဖြင့် ဒဏ်ရာရသူ အမျိုးသမီးတစ်ဦးကို ကိုဆီဗိုဆေးရုံသို့ သယ်ဆောင်လာစဉ်။

ဘော့စနီးယားနိုင်ငံ ဆာရာယေဗိုမြို့လယ်ရှိ ဗဟိုဈေးကြီးအတွင်း ဆာ့ဘ်တပ်များက အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် သေကျေဒဏ်ရာရသူများ။

၁၉၅၉ခုနှစ် မတ်လ၁၂ရက်နေ့တွင် ပစိဖိတ်သမုဒ္ဒရာ အတွင်းရှိ ဟာဝိုင်ယီကျွန်းစုကို သိမ်းပိုက်ကာ အမေရိကန်ပြည်ထောင်စု၏ (၅၀)ခုမြောက် ပြည်နယ်အဖြစ် သွတ်သွင်းသည်။

လူဖြူ လူမည်း အသားအရောင်ခွဲခြားမှုပြင်းထန်သော တောင်ပိုင်းပြည်နယ်များက ခွဲထွက်ပြီး စင်ပြိုင်သမ္မတ တင်မြှောက်သဖြင့် ပြည်ထောင်စုသမ္မတကြီး အဘရာဟင်လင်ကွန်းက တောင်ပိုင်းသို့ တပ်များစေလွှတ် နှိမ်နင်းရာမှ ၁၈၆၁ ခုနှစ် ဧပြီလ ၁၂ရက်နေ့တွင် အမေရိကန်ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ သမ္မတလင်ကွန်းက ပြည်ထောင်စုပြိုကွဲမခံနိုင်ဟု ကြွေးကြော်ကာ တောင်ပိုင်းခွဲထွက်ရေးသမားများကို နှိမ်နင်းတိုက်ခိုက်ခဲ့ရာသွေးချောင်းစီးခဲ့သည်။ ၎င်းတို့ပြည်ထောင်စု မပြိုကွဲအောင် ၎င်းတို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ တောင်ပိုင်းပြည်နယ် ၁၁ ခုတွင် ယနေ့တိုင် ခွဲထွက်ရေးလှုပ်ရှားမှုများ၊ ပါတီတည်ထောင်စည်းရုံးမှုများ လုပ်ဆဲဖြစ်သည်။ ဟာဝိုင်ယီပြည်နယ်ကလည်း မကြာခဏ လွတ်လပ်ရေးတောင်းသည်။ အမေရိကန်ဗဟိုအစိုးရက ထိုဆန္ဒများကို လျစ်လျူရှုကာ ၎င်းတို့၏ ပြည်ထောင်စု မပြိုကွဲရေးအား ထုတ်နေသည်။

ယူကေခေါ် ဗြိတိန်နိုင်ငံတွင် အင်္ဂလိပ်နယ်၊ ဝေလနယ်၊ စကော့နယ်၊မြောက်အိုင်ယာလန်တို့ ပါဝင်သည်။ စကော့တလန်တွင် ခွဲထွက်ရေးဆန္ဒ ကောက်ခံ...

သည်။ ဥရောပအ... ဒေသမှ ယူဂိုဆလ... အပြီး ဆာဘီးယာ... ခရိုအေးရှား၊ ဘော့... ယားတို့နှင့် ပေါင်း... တည်ထောင်ခဲ့သည်... ဆိုရှယ်လစ်စနစ်ကို... ကြသည်။

ယူဂိုဆလပ်ပြ... ဦးဆောင်ခဲ့သော... တည်ငြိမ်ဖွံ့ဖြိုးခဲ့သ... တိုက်ပွဲ ထိုးနက်... တို့ဖြင့် ၁၉၉၂ ခုနှ... နှစ်ခု (ဆိုဗီယက်က... ကာ) ပြိုလဲသွားခဲ့သ... များ ဖြစ်ခဲ့သည်။

ဤသည်တို့မှ... အောင် ကျားကုတ်... အမေရိကန်ပြည်ထေ... နိုင်ငံတော်ခေါ် ဗြိတိ... ဖြစ်ပါသည်။ ခိုင်မာ... ဝါဒလမ်းစဉ်စနစ်... ပြည်ထောင်စုနှင့်... ပြည်တွင်း၊ ပြည်ပ... ပယောဂ)များကြေ... သံဝေ သို့မဟုတ်...

၎င်းတို့၏ ပြ... ခြင်းကို မဖြစ်မနေ... တာဝန်ဟုခံယူပြီးသူ... ဒီမိုကရေစီပိုင်ခွင့်၊... လိုက်လံဖြိုခွဲနေသော... ကိုလိုနီလက်သစ်)... ထားပြီး ကိုယ့်ပြည်... ကမ္ဘာ့ပြည်ထောင်စု... ကာကွယ်စောင့်ရှေ...

ပြည်ထောင်စု... သားလူမျိုး တစ်ရာ... ရှိအတူ၊ အေးအတ... (ပြည်ထောင်စု)သ... ဖြစ်သည်။ ပြည်ပက... များ စုပေါင်းလက်... ခဲ့ရသည့် လွတ်လ...

ာကွယ်နေသော နိုင်ငံ
ာမေရိကန်ပြည်ထောင်စု
ဗြိတိန်) တို့ဖြစ်သည်။
၊ ဝေလ၊ အိုင်းရစ်လူဖြူ
ခန့်က ဒေသခံ ရက်ဒ်
ာ်သော အမေရိကတိုက်
ာစ်(ကိုလိုနီ) ထူထောင်
ာနိုင်ငံစုံမှ လူဖြူများပါ
စ်လာသည်။၁၇၇၆ခုနှစ်
ာ်လပ်ရေးကြေညာ၏။

...ချို့၏ ဖြစ်ရပ်များနှင့် ...ာင်စုအစဉ်အလာ

တက္ကသိုလ်မြတ်သူ

ခဲ့ဖူးသည်။ မြောက်အိုင်ယာလန်မှ ဆင်ဖိန်းပါတီ (တိုအိုင်းရစ်ရှ် ပါတီ)နှင့် အိုင်အာရ်အေခေါ် အိုင်းရစ်ရှ်ရီပတ်ဘလီကင်အာမီ (လက်နက်ကိုင်) အုပ်စုတို့က အနုနည်း၊ အကြမ်းနည်းဖြင့် ခွဲထွက်ရေး လှုပ်ရှားလျက်ရှိသည်။ ယူကေဗဟိုအစိုးရသည် ၎င်းတို့ ပြည်ထောင်စုမပြိုကွဲရေးအတွက် နည်းမျိုးစုံသုံးကာ ကာကွယ်လျက်ရှိသည်။

၁၉၁၇ ခုနှစ် မဟာအောက်တိုဘာတော်လှန်ရေးအောင်မြင်ပြီးနောက် ရုရှားမှဗီအိုင်လီနင်သည် ကမ္ဘာ့ပထမဆုံးသော ဆိုရှယ်လစ်ပြည်ထောင်စု တည်ထောင်သည်။ ဥရောပအရှေ့ တောင်ပိုင်း ဘော်လကန်ဒေသမှ ယူဂိုဆလပ်နိုင်ငံသည်လည်း ဒုတိယကမ္ဘာစစ်အပြီး ဆာဘီးယား၊ မွန်တီနီဂရိုး၊ ဆလိုဗေးနီးယား၊ ခရိုအေးရှား၊ ဘော့ဇနီးယားဟာဇီဂိုဗီးနား၊ မက်ဆီဒိုးနီးယားတို့နှင့် ပေါင်းကာ ယူဂိုဆလဗ်ပြည်ထောင်စုကြီး တည်ထောင်ခဲ့သည်။ ထိုပြည်ထောင်စုကြီး နှစ်ခုစလုံး ဆိုရှယ်လစ်စနစ်ကို ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ကျင့်သုံးခဲ့ကြသည်။

ယူဂိုဆလပ်ပြည်ထောင်စုကို တည်ထောင်ဦးဆောင်ခဲ့သော မာရှယ်တီးတိုး လက်ထက်တွင် တည်ငြိမ်ဖွံ့ဖြိုးခဲ့သည်။ အနောက်အုပ်စု၏ စစ်အေးတိုက်ပွဲ ထိုးနှက်ချက်ပယောဂ၊ ပြည်တွင်းပယောဂတို့ဖြင့် ၁၉၉၂ ခုနှစ်ခန့်မှစပြီး ယင်းပြည်ထောင်စုကြီးနှစ်ခု (ဆိုဗီယက်က ၁၅ စိတ်၊ ယူဂိုဆလပ်က ငါးစိတ်ကွဲကာ) ပြိုလဲသွားခဲ့သည်။ ဒေသများစွာ၌ ပြည်တွင်းစစ်များ ဖြစ်ခဲ့သည်။

ဤသည်တို့မှာ ၎င်းတို့ပြည်ထောင်စုများ မပြိုကွဲအောင် ကျားကုတ်ကျားခဲ ထိန်းသိမ်းကာကွယ်နေသော အမေရိကန်ပြည်ထောင်စုနှင့် ယူကေခေါ် ဗြိတိသျှဘုရင့်နိုင်ငံတော်ခေါ် ဗြိတိန်ပြည်ထောင်စုတို့၏ အနေအထားဖြစ်ပါသည်။ ခိုင်မာတောင့်တင်း၍ မိမိတို့ ယုံကြည်ရာ ဝါဒလမ်းစဉ်စနစ်ဖြင့် ထင်ရှားခဲ့သော ဆိုဗီယက်ပြည်ထောင်စုနှင့် ယူဂိုဆလပ်ပြည်ထောင်စုတို့သည် ပြည်တွင်း၊ ပြည်ပပယောဂ (အထူးသဖြင့်အနောက်ပယောဂ)များကြောင့် ပြိုကွဲသွားသည်ကိုလည်း သတိသံဝေ သို့မဟုတ် သင်ခန်းစာယူအပ်ပေသည်။

၎င်းတို့၏ ပြည်ထောင်စုမပြိုကွဲအောင် ထိန်းသိမ်းခြင်းကို မဖြစ်မနေ လုပ်ရမည့်တာဝန်မှာ ၎င်းတို့၏ တာဝန်ဟုခံယူပြီးသူတစ်ပါးပြည်ထောင်စုများပြိုကွဲအောင် ဒီမိုကရေစီပိုင်ခွင့်၊ လူ့အခွင့်အရေးဟု အမျိုးမျိုးပြောကာ လိုက်လံဖြိုခွဲနေသော ပြည်ပအုပ်စု (ပွင့်လင်းစွာဆိုရလျှင် ကိုလိုနီလက်သစ်)များ၏ ပယောဂကို သတိသမ္ပဇဉ်ထားပြီး ကိုယ့်ပြည်ထောင်စုကို အခွန့်ရှည်ရန်အတွက် ကမ္ဘာ့ပြည်ထောင်စုတိုင်း ပြည်ထောင်စုမပြိုကွဲရေးကို ကာကွယ်စောင့်ရှောက် နေအပ်ကြပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး တစ်ရာကျော် နှစ်ပရိစ္ဆေဒများစွာ မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ အတူတကွ မိသားစု (ပြည်ထောင်စု)သဖွယ် နေထိုင်ခဲ့ကြသော နိုင်ငံကြီးဖြစ်သည်။ ပြည်ပကျူးကျော်မှုမှန်သမျှကို တိုင်းရင်းသားများ စုပေါင်းလက်တွဲခုခံ တွန်းလှန်ခဲ့သည်။ ဆုံးရှုံးသွားခဲ့ရသည့် လွတ်လပ်ရေး ပြန်ရအောင် တိုင်းရင်းသားအားလုံးကျောချင်းကပ်၊ လက်ချင်းယှက်ပြီး အသက်၊ သွေး၊ ချွေးရင်းကာ တိုက်ယူခဲ့ကြသည်။

နယ်ချဲ့က မြန်မာနိုင်ငံကို၁၈၈၅ခုနှစ်တွင် ၎င်းတို့ကျူးကျော် သိမ်းယူခဲ့သည့် ရင်းစားအတိုင်း ပြန်မပေးရအောင် တောင်ပေါ်နှင့်မြေပြန့်၊ ပြည်မနှင့် တောင်တန်းခွဲခြားပိုင်းစိတ်ပစ်ရန် လုပ်ဆောင်ခဲ့သည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပင်လုံညီလာခံသို့ တက်ရောက်ကြသည့် တိုင်းရင်းသားခေါင်းဆောင်များ တူညီစွာ ဆန္ဒပြုလက်မှတ်ရေးထိုးခဲ့သော ပင်လုံစာချုပ်ကြီးအရ မူလမြန်မာနိုင်ငံတော်နယ်နိမိတ်အတိုင်း တောင်ပေါ်မြေပြန့် တစ်ပေါင်းတစ်စည်းတည်းသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကြခြင်းဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ စွမ်းပကား၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးဇာတိမာန်တို့၏ တန်ဖိုးရလဒ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံမြေသက်တမ်းနှင့်အမျှ မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ မိသားစု တစ်စုပမာ ညီအစ်ကိုမောင်နှမများအဖြစ် စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်၏ စည်းလုံးညီညွတ်မှုသမိုင်းသည် ခိုင်မာ တောက်ပြောင်လှပေသည်။ ပြည်ပကျူးကျော်မှုမှန်သမျှ ခေတ်အဆက်ဆက် စုပေါင်းလက်တွဲ၍ ကျောချင်းကပ်၍ ခုခံတွန်းလှန်ခဲ့၏။ အင်္ဂလိပ်-မြန်မာစစ်ပွဲသုံးကြိမ်စလုံး၌လည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ တစ်လျှောက်လုံး၌လည်းကောင်း၊ ပင်လုံညီလာခံ၌လည်းကောင်း သွေးခွဲသူနယ်ချဲ့တို့ လက်မှိုင်ချရလောက်အောင် စည်းလုံးညီညွတ်ခဲ့ကြသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဂိုဏ်းဂဏအစွဲ၊ ဝါဒစွဲ၊ အုပ်စုစွဲ၊ ပြည်ပပယောဂစွဲတို့ဖြင့် တစ်ဦးပေါ်တစ်ဦး သံသယကိုယ်စီဖြင့် ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသော်လည်း နောက်ဆုံး၌ စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် စုပေါင်းကာကွယ်နိုင်ခဲ့သည်ချည်းဖြစ်ပေသည်။

မြန်မာတို့၏ ပြည်ထောင်စုကြီးကိုဖြိုခွဲရန်၊ အချင်းချင်းသွေးကွဲပြီး စည်းလုံးညီညွတ်မှုပြိုကွဲရန် ဤသို့ဖြင့် မြန်မာတို့ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးစေရန် ယနေ့တိုင် ကြိုးပမ်းနေကြသော ပြည်တွင်း၊ ပြည်ပအဖျက်သမားများ ရှိနေပေသေးသည်။ သို့သော်လည်း မြန်မာပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် စည်းလုံးမှုဖြင့် ငြိမ်းချမ်းလာခဲ့သည်။ ပိုမိုညီညွတ်လာခဲ့သည်။ ထိုငြိမ်းချမ်းသော ပတ်ဝန်းကျင်တွင် စည်းလုံးမှုခွန်အား၊ ပြည်ထောင်စုစိတ်ဓာတ်၏

ယူဂိုဆလားဗီးယားပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက် ဘော့စနီးယား၌ဖြစ်ပွားသော ပြည်တွင်းစစ်ပွဲ၏ မြေစာပင်များဖြစ်ခဲ့ရသည့် ဆာ့ဘ်စစ်ပြေးဒုက္ခသည်များကို ၁၉၉၅ခုနှစ် ဩဂုတ်လအတွင်းက တွေ့ရစဉ်။

ခိုင်မာတောင့်တင်း၍ မိမိတို့ ယုံကြည်ရာ ဝါဒလမ်းစဉ်စနစ်ဖြင့် ထင်ရှားခဲ့သော ဆိုဗီယက်ပြည်ထောင်စုနှင့် ယူဂိုဆလပ် ပြည်ထောင်စုတို့သည် ပြည်တွင်း၊ ပြည်ပ ပယောဂ (အထူးသဖြင့် အနောက်ပယောဂ)များကြောင့် ပြိုကွဲသွားသည်ကိုလည်း သတိသံဝေ သို့မဟုတ် သင်ခန်းစာယူအပ်ပေသည်။

အင်အားစွမ်းပကားဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် စုပေါင်းစွမ်းဆောင်နိုင်ခဲ့သည်မှာလည်း ကမ္ဘာသိဖြစ်ပေသည်။

ကမ္ဘာအနှံ့ နိုင်ငံများစွာ၊ ပြည်ထောင်စုများစွာကို စွက်ဖက်၊ နှောင့်ယှက်၊ ဖြိုခွဲ ချုပ်ကိုင်ခြယ်လှယ်ရန် အားထုတ်နေသည့် ကိုလိုနီ လက်သစ်ဝါဒီများ၊ (ဝါ) ပြည်ပပယောဂဆိုးများ၊(ဝါ)ပြည်ပ အဖျက်ရန်များကို ပြည်ထောင်စုသမိုင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်အလာ၊ အမျိုးသားရေးအမြင် ကြည်လင်စွာဖြင့် တွန်းလှန်ဖယ်ရှား ကြရမည်ဖြစ်သည်။ ထို့အတူ မိမိတို့ ပြည်ထောင်စု၊ မိမိတို့ အချုပ်အခြာအာဏာကို စုပေါင်းကာကွယ်ရင်း၊ မိမိတို့နိုင်ငံကို အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်သည့် ဒီမိုကရေစီ ပြည်ထောင်စု နိုင်ငံတော်ကြီးဖြစ်အောင် စုပေါင်းထူထောင်ကြရန် တာဝန်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ တာဝန်ဖြစ်ပေသည်။ ။



...န်သဖြင့် ဒဏ်ရာရသူ

ရက်နေ့တွင် ပစိဖိတ်
ကျွန်းစုကို သိမ်းပိုက်ကာ
၅၀)ခုမြောက် ပြည်နယ်

ခရောင်ခွဲခြားမှုပြင်းထန်
းက ခွဲထွက်ပြီး စင်ပြိုင်
ည်ထောင်စုသမ္မတကြီး
ာင်ပိုင်းသို့ တပ်များ
နှစ် ဧပြီလ ၁၂ရက်နေ့
ဖြစ်ပွားခဲ့သည်။ သမ္မတ
ကွဲမခံနိုင်ဟု ကြွေးကြော်
ားများကို နှိမ်နင်းတိုက်
။ ၎င်းတို့ပြည်ထောင်စု
ဆောင်ခဲ့ခြင်းဖြစ်သည်။
ယနေ့တိုင် ခွဲထွက်ရေး
င်စည်းရုံးမှုများ လုပ်ဆဲ
ာ်ကလည်း မကြာခဏ
ာမေရိကန်ဗဟိုအစိုးရက
၎င်းတို့၏ ပြည်ထောင်စု
ည်။
ာ်တွင် အင်္ဂလိပ်နယ်၊
ာ်အိုင်ယာလန်တို့ ပါဝင်
ာက်ရေးဆန္ဒ ကောက်ခံ

၁၉၉၄ခုနှစ် ဒီဇင်ဘာလအတွင်း ရုရှားနိုင်ငံ ချေချင်းညာပြည်နယ်တွင် ဖြစ်ပွားခဲ့သည့်စစ်ပွဲအတွင်းဒုတိယအကြီးဆုံးမြို့ဖြစ်သော ဂူဒါမက်မြို့တွင် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ စစ်ပွဲပြီးဆုံးပြီးနောက် ဌာနေသို့ ပြန်လာသည့် စစ်ပြေး ဒုက္ခသည် မိသားတစ်စုကို တွေ့မြင်ရစဉ်။



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

✪ (၅၇)နှစ်မြောက်မှ

အဆိုပါ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာ၊ ပန်းဖွားနှင့် စည်တော်အဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် နံနက် ၇နာရီ ၄၅မိနစ်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပသည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ ရောက်ရှိလာရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားအစီအစဉ်ကို တက္ကသိုလ်ပင်မဆောင်မုခ်ဦးရှေ့၌ စတင်ကျင်းပရာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဒုတိယနှစ် ထူးချွန်ကျောင်းသား မောင်သက်ဦးဟန်နှင့် ဒုတိယနှစ် ထူးချွန်ကျောင်းသူ မသက်မြတ်နိုးလွင်တို့က တိုင်းရင်းသား၊ တိုင်းရင်းသူ၊ ကျောင်းသား၊ ကျောင်းသူများခြံရံလျက် ဖဲကြိုးကိုဖြတ်၍ ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ပင်မဆောင်အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန် ကွန်ပျူတာတက္ကသိုလ် အဝင်မုခ်ဦးရှေ့ရှိ သတ်မှတ်နေရာ အသီးသီးတို့တွင် "ကံ့ကော်ပင်"များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကမ္ပည်းမော်ကွန်း ကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်း ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေး နံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

အမှာစကားပြောကြား

ယင်းနောက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဖွင့်ပွဲအစီအစဉ်ကို ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ပင်မအဆောင်ရှိ ခန်းမဆောင်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ပင်မအဆောက်အအုံသစ်များကို (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ယနေ့ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကြီးသည် သစ်လွင်ခံ့ညားထည်ဝါ သော ပင်မအဆောက်အအုံကြီးနှင့်တကွ အဆင့်အတန်းမြင့်မားသည့် စာသင် ဆောင်များ၊ စိတ်အေးချမ်းမြေ့ဖွယ် တင့်တယ်သာယာသည့် မြင်ကွင်းများ၊ အဆင့်မြင့် ကွန်ပျူတာနည်းပညာရပ်များကို အခြေခံသည့် ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြည့်ဝစုံလင်စွာဖြင့် နိုင်ငံတကာ အဆင့်မီ တက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့်အညီ တိုးတက်ဖြစ်ထွန်း လာခဲ့ပြီဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတကာအဆင့်မီ တိုးတက်ဖြစ်ထွန်းလာသည့် အမိကွန်ပျူတာ တက္ကသိုလ်ကြီးတွင် အဆင့်မြင့်ပညာရပ်များ လေ့လာဆည်းပူးနေကြသော တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများဖြစ်သည်နှင့်အညီ ခံ့ညားထည်ဝါသော အဆောက်အအုံများနှင့် ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်း များကို ထိုက်တန်စွာအသုံးချပြီး နိုင်ငံတော်ကမျှော်မှန်းသည့် အရည်အသွေး မြင့်မားသော တိုင်းကျိုးပြည်ဆောင် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရအောင် အားထုတ်ကြိုးပမ်းသွားကြလိမ့်မည်ဟု ယုံကြည်ထားပါသည် ဟု ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရအောင် ဘက်စုံ ကဏ္ဍစုံက စီမံကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရာတွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်မာတည့်မတ်စွာဖြင့် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေ ရေးဦးတည်ပြီး မိမိနိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းပကားကိုသာအားပြုလျက် မိမိတို့နိုင်ငံတော်ကို မိမိတို့ကြိုးပမ်းတည်ဆောက် နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားမှု၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးမှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု၊ အမျိုးသားရေး စိတ်ဓာတ် မြင့်မားခိုင်ကျည်မှုတို့ကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို အခိုင်အမာ ကြိုးပမ်းတည်ဆောက်ပေးနေ ခြင်းဖြစ်ကြောင်း။

အခြေခံအကျဆုံး

အထူးသဖြင့် ယနေ့အချိန်အခါတွင် ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှု အားလုံး၏ အခြေခံအကျဆုံး မောင်းနှင်အားဖြစ်လာနေသည့် အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးဂရုပြုပြီး အမျိုးသား ပညာရည်အဆင့်အတန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတော်အတွင်း သိပ္ပံနှင့်နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ တိုးတက်ဖြစ် ထွန်းရေး၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ် ကဏ္ဍစုံတွင် တိုးတက်ပေါ်ထွန်းစေရေးတို့အတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း။

ယနေ့အချိန်အခါတွင် သိပ္ပံနှင့် နည်းပညာများသည် မှန်းဆမရနိုင်သည့် အရှိန်အဟုန်ဖြင့် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံတွင်လည်း သိပ္ပံနှင့် နည်းပညာရပ်များသည် လွှမ်းမိုးကြီးစိုးလျက် ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဒုတိယနှစ် ထူးချွန်ကျောင်းသား မောင်သက်ဦးဟန်နှင့် ဒုတိယနှစ် ထူးချွန်ကျောင်းသူ မသက်မြတ်နိုးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အိုင်စီတီဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျ စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေ

❐ **စာမျက်နှာ ၁၀ မှ**

အထူးသဖြင့် ကွန်ပျူတာနည်းပညာနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကို အခြေခံထားသည့် ICTဟု ခေါ်သော သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များသည် ကမ္ဘာ့နိုင်ငံအသီးသီးကို ဆက်စပ်ယှက်နွယ် ဖြစ်ပေါ်စေလျက်ရှိသည်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကာကွယ်ရေး စသည့် နယ်ပယ်စုံကိုပါ တွင်ကျယ်လွှမ်းမိုးလာသည့်အတွက် ကမ္ဘာ့နိုင်ငံများအားလုံးသည် အဆိုပါ တိုးတက်ဖြစ်ထွန်းနေသော သိပ္ပံနှင့်နည်းပညာရပ်များကို မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွား ဖော်ဆောင်မြှင့်တင်ရေးတွင် ရယူအသုံးချနိုင်စေရန် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဤကဲ့သို့အခြေအနေ အချိန်အခါမျိုးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အတွင်း ICTဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာစေရန်၊ နိုင်ငံတော်အစိုးရဌာနများနှင့်တကွ ပုဂ္ဂလိကကဏ္ဍတွင်ပါ ICT လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ICT ဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ၏ အရည်အသွေး တိုးတက်မြင့်မားစေရန်နှင့် ICT ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် စနစ်တကျစီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍ၌ဆိုလျှင် အခြေခံပညာကဏ္ဍတွင်ရော၊ အဆင့်မြင့်ပညာကဏ္ဍတွင်ပါ ICT နည်းပညာ အခြေခံသော Learning Centre များ၊ Resource Centre များ၊ e-Library များ၊ ကွန်ပျူတာကွန်ရက်စနစ်များကို စနစ်တကျ ဖြန့်ကြက်ထူထောင်ထားနိုင်နေပြီဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်အတွင်း ICT နည်းပညာအခြေခံသည့် ဆက်သွယ်မှုကွန်ရက်စနစ်များ၊ ICT ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာစေရန် MICT Park များကို ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တို့တွင် ထူထောင်ပေးထားပြီးဖြစ်သကဲ့သို့ နိုင်ငံတကာနှင့် ICT ဆိုင်ရာ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည့် Bagan Cybertech & Bagan Teleport တို့ကိုလည်း ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် ICT အခြေခံအဆောက်အအုံများ၊ ICT အခြေခံသည့် ဝန်ဆောင်မှုစနစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် e-ASEANသတင်းအချက်အလက် အခြေခံအဆောက်အအုံ အကောင်အထည်ဖော် တည်ဆောက်နိုင်စေရန်၊ e-Commerce, e-Government စနစ်များထူထောင်နိုင်စေရန် နိုင်ငံတော်အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အခြားသော အာဆီယံမိသားစုဝင်နိုင်ငံများနှင့် ပူးပေါင်းပြီး အာဆီယံမိသားစုဝင်နိုင်ငံများအကြား သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ICT ကဏ္ဍတို့တွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေမည့် အစီအမံများကိုလည်း စနစ်တကျ ချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ရည်မှန်းချက်များ

ASEAN VISION 2020အရ ခရစ်နှစ် ၂၀၂၀ တွင် အာဆီယံနိုင်ငံများအားလုံး ဖွံ့ဖြိုးပြီးနိုင်ငံများအဖြစ်သို့ ရောက်ရှိစေရေး မျှော်မှန်းချက်နှင့်အညီ ၁၉၉၉ ခုနှစ်ကစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် Hanoi Plan of Action တွင် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးနှင့်ပတ်သက်ပြီး ရည်မှန်းချက်များချမှတ်ခဲ့ကြကြောင်း၊ ဤရည်မှန်းချက်များကို ပြန်ပြောရမည်ဆိုလျှင်-

- **သိပ္ပံနှင့်အင်ဂျင်နီယာပညာရှင် လူသားအရင်းအမြစ်များ တိုးတက်များပြားစွာ ပြုစုပျိုးထောင်ရေး၊**
- **စက်မှုလုပ်ငန်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို အထောက်အကူပြုမည့် နည်းပညာရှင်များ ပြုစုပျိုးထောင်ရေး၊**
- **အာဆီယံဒေသအတွင်း လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေး သင်တန်းများဖွင့်လှစ်ရေးနှင့်**
- **နည်းပညာရှင်များ၏ အရည်အချင်းကို အပြန်အလှန် အသိအမှတ်ပြုရေးနှင့် အာဆီယံဒေသအတွင်း အပြန်အလှန် သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး**

တို့ဖြစ်ကြကြောင်း၊ ဤရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်အောင် အာဆီယံနိုင်ငံများအားလုံး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် ရွှေကျားပျံဆောက်လုပ်ရေးကုမ္ပဏီက မြန်မာနိုင်ငံ ပညာရေးကော်မတီသို့ ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ သင်ကြားမှု အထောက်အကူပြု Serverနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ယခုပြီးခဲ့သော ၂၀၀၃ခုနှစ် အောက်တိုဘာလအတွင်းက အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သည့် နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၌ ချမှတ်ခဲ့သည့် Bali Concord II တွင် ဆိုလျှင်လည်း အာဆီယံအဖွဲ့ကြီး၏ ရေရှည်မျှော်မှန်းချက်များကို လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုသည့် မဏ္ဍိုင်ကြီး (Pillars)သုံးရပ်အပေါ် အခြေခံတည်ဆောက် အကောင်အထည်ဖော်သွားရန် စီမံခဲ့ကြကြောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုသည့် မဏ္ဍိုင်ကြီးတွင် နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ထည့်သွင်းချမှတ်ထားကြောင်း။

ထို့အပြင် အာဆီယံအဖွဲ့ဝင်သစ်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ကို အခြားသော အာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းပပျောက်စေရေးအတွက် မျှော်မှန်းပြီး အားပေးကူညီဆောင်ရွက်သွားမည့် Initiative for ASEAN Integration (IAI)ဆိုသည့် Work Plan ကို ထပ်မံချမှတ်ခဲ့ကြောင်း၊ ထို Work Plan မှာ –

- **(Information and Communication Technology) သတင်းဆက်သွယ်ရေးဆိုင်ရာ နည်းပညာ (ICT)**
- **အခြေခံအဆောက်အအုံ Infrastructure**

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❍

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် စာသင်ခန်းများ၊ ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သားစဉ်မြေးဆက်တိုင်အောင် စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန် ဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံဖြစ်လာစေရန် ကြိုးပမ်းနေ

လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း မုံရွာလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)



☆ **ကျောဖုံးမှ**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား မုံရွာလေဆိပ်တွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး တင်မောင်အုန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား မုံရွာလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မုံရွာလေယာဉ်ကွင်း၏ မူလလေယာဉ်ပြေးလမ်းမှာ အရှည်ပေ ၅၀၀၀၊ အကျယ်ပေ ၁၀၀ ရှိသည့် ကျောက်ရောမြေမာပြေးလမ်း ဖြစ်ပါကြောင်း၊ ဤလေယာဉ်ပြေးလမ်းကို အရှည်ပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀ ရှိ လေယာဉ်ကြီးများ ဆင်း/တက်နိုင်သော နိုင်လွန်ကတ္တရာခင်းပြေးလမ်း အဖြစ် တည်ဆောက်ထားရှိပါကြောင်းဖြင့် အဆင့်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့် မုံရွာလေယာဉ်ကွင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက တည်ဆောက်ပြီးသော လေယာဉ်ပြေးလမ်း၊ လေယာဉ်အရှိန်သတ်စွန်း၊ လေယာဉ်ကွေ့ရန်နေရာ၊ လေယာဉ်ရပ်နားရန်နေရာ၊ လေဆိပ်အဆောက်အအုံတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရေနုတ်မြောင်း၊ ခြံစည်းရိုးနှင့် ဆက်စပ်အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မှတ်တမ်းမှတ်ရာ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိမိတို့ တည်ဆောက်ခဲ့သော လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ မှတ်တမ်းမှတ်ရာ စနစ်တကျထားရှိရန်လိုကြောင်း၊ နောင်တစ်ချိန် လေယာဉ်ကွင်းကို ထပ်မံအဆင့်မြှင့်တိုးချဲ့လိုက တိုးချဲ့ဆောင်ရွက်နိုင်ရန် မှတ်တမ်းမှတ်ရာ အပါအဝင် လိုအပ်သည်များကို ပြုစုပြင်ဆင်ထားရှိရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပေ ၁၈၀ X ၆၀ ရှိ လေဆိပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လေယာဉ်ရပ်နားရန်နေရာ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မုံရွာလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ ရောက်ရှိကြရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကလေးစက်မှုဇုန်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကလေးစက်မှုဇုန်သို့ သွားရောက်ကြပြီး စမ်းသပ်ထုတ်လုပ်ထားသည့် မှန်လုံယာဉ်ငယ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြေပြင်ရေစီးအားသုံး တာဘိုင်၊ နော်ဇယ်ရေပန်းအားသုံး တာဘိုင်စသည့် အသေးစား ရေအားလျှပ်စစ်ထုတ်စက်များကိုလည်းကောင်း၊ စပါးလုံးရွေးစက်၊ စပါးအခွံချွတ်စက်၊ ၁၂ သွားထွန်၊ စပါးခြွေလှေ့စက်၊ ကောက်ရိုးငုတ်ဖြတ်စက်၊ မြက်ဖြတ်စက်စသည့် လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကိုလည်းကောင်း၊ ဖိုတိုလစ်သိုအော့ဖ်ဆက် ပုံနှိပ်စက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကလေးစက်မှုဇုန်ထုတ် ဂျစ်ကားအမျိုးမျိုးကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကလေးစက်မှုဇုန်ကို (၁၉)ဇုန်မြောက် စက်မှုဇုန်အဖြစ် မိမိတို့ သတ်မှတ်ထူထောင်ပေးလိုက်ပြီးဖြစ်ကြောင်း။

မိမိတို့ထက် ရှေ့မှရောက်ပြီး အတွေ့အကြုံရှိနေသည့် အခြားစက်မှုဇုန်များနှင့် ယှဉ်လိုက်ပါက နောက်ကျ မကျန်ရစ်ဘဲ တိုးတက်အောင်မြင်ဖြစ်ထွန်းသည့် စက်မှုဇုန်ဖြစ်အောင် ကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကလေးဝမြို့သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကျီကုန်းတပ်နယ်မှ ဗိုလ်မှူးကြီးညီထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြစ်သာတံတား(ကလေးဝ)

ထို့နောက် မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ခိုင်ခံ့သပ်ရပ်သည့် တံတားကြီးအဖြစ် တည်ဆောက်ကြရန် မှာကြားပြီး တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မြစ်သာတံတား(ကလေးဝ)မှာ အောက်ခံအုတ်မြစ်ကို ဘိုးပိုင်များဖြင့် သံကူကွန်ကရစ်တံတားတိုင် အမျိုးအစားအဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်ကြိုးတံတား သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းအမျိုးအစားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများ ၆၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြစ်သာတံတား(ကလေးဝ)မှ တစ်ဆင့် မင်းကင်းမြို့နယ်ရှိ မြို့မတံတားသို့ ရောက်ရှိကြပြီး တံတားဖွင့်ပွဲအခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားသည့်အခြေအနေများကို ကြည့်ရှုကြသည်။

ထို့နောက် တံတားအနီး၌ ကလေးခရိုင်နှင့် မင်းကင်းမြို့နယ်မှ တာဝန်ရှိသူများ၊ မင်းကင်းမြို့နယ် မြို့မကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခေါင်းဆောင်ပြီး စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုရင်း မင်းကင်းဒေသသို့ မိမိတို့အဖွဲ့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း ကလေးစက်မှုဇုန်တွင် ပြသထားသော စက်မှုဇုန်ထုတ် ပစ္စည်းများနှင့် ကားများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် စီမံကိန်းများချမှတ်၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် မင်းကင်းမြို့နယ်ရှိ ကျေးလက်ဒေသများ အပါအဝင် လူများစုနေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရတစ်ရပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်၍မရကြောင်း၊ ပြည်သူတစ်ရပ်လုံးပါဝင်မှ စီမံကိန်းလုပ်ငန်းများ အောင်မြင်မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုအခါ နိုင်ငံတော်၏လူဦးရေမှာ ၅၃သန်းကျော် ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူဦးရေမှာ ဆက်လက်တိုးပွားလာနေမှာဖြစ်ကြောင်း။

စက်မှုနိုင်ငံ

မိမိတို့၏ သားစဉ်မြေးဆက်တိုင်အောင် စားနပ်ရိက္ခာအတွက် ပူပင်သောက ဖြစ်မနေရဘဲ ဖူလုံမှုရှိစေရန်၊ ဖွံ့ဖြိုးတိုးတက်သည့် အခြားနိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်သော စက်မှုနိုင်ငံဖြစ်လာစေရန် မိမိတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းမှာလည်း လိုအပ်ချက် တစ်ရပ်ဖြစ်ရာ တစ်နိုင်ငံလုံး လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာအောင် ဖြည့်ဆည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မြို့မတံတားအနီး၌ ကလေးခရိုင်နှင့် မင်းတပ်မြို့နယ်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၁၂ မှ

ဤဒေသသည်လည်း ဖွံ့ဖြိုးမှုအားနည်းနေသည့် ဒေသဖြစ်ကြောင်း၊ ဤဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မုံရွာ-အလုံ-ယာကြီး-မြို့မ-ကလေးဝ ကားလမ်းကို ဖောက်လုပ်စေခဲ့ခြင်း ဖြစ်ကြောင်း၊ ဤလမ်းမကြီးသည် နိုင်ငံတော်၏ အဝေးပြေးလမ်းမကြီးအဖြစ် တိုးတက်ဖြစ်ပေါ်လာနိုင်ပြီး ဤလမ်းမကြီးကြောင့် မြို့မဒေသမှ ပြည်သူများ အပါအဝင် ဆက်စပ်လျက်ရှိသည့် ပတ်ဝန်းကျင် ဒေသအသီးသီးမှ ပြည်သူများ အတွက်လည်း ဖွံ့ဖြိုးတိုးတက်၍ လူနေမှုအဆင့်အတန်းများ မြင့်မားလာကြမည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။

မုံရွာ-အလုံ-ယာကြီး-မြို့မ-ကလေးဝ ကားလမ်းမှာ ၁၁၅မိုင်ရှိသည်။ လမ်းသား အကျယ် ပေ ၃၀၊ ကတ္တရာလမ်း ၁၈ပေရှိလမ်းအဖြစ် ဖောက်လုပ်ပြီးစီးနေပြီ ဖြစ်သည်။

ဤလမ်းရှိ မြို့မတံတားမှာ တည်ဆောက်ပြီးစီး၍ မကြာမီ ဖွင့်ပွဲအခမ်းအနား ကျင်းပတော့မည် ဖြစ်သည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ လေကြောင်းခရီးဖြင့်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့၌ကျင်းပမည့် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကိုယ်စားလှယ်များသည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ယနေ့ရောက်ရှိလာကြသည်။

ပို့ဆောင်ပေး

ကယားပြည်နယ်မှ ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင် ၃၀နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သုံးဦးတို့ ပါဝင်သော ကယားပြည်နယ် ယဉ်ကျေးမှုအဖွဲ့သည် နံနက် ၈နာရီခွဲတွင်လည်းကောင်း၊ ရခိုင်ပြည်နယ်မှ ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင် ၄၄ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် သုံးဦးတို့ပါဝင်သော ရခိုင်ရိုးရာ ယဉ်ကျေးမှုအဖွဲ့သည် နံနက် ၉နာရီတွင်လည်းကောင်း၊ တနင်္သာရီတိုင်းမှ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် ၃၀နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် လေးဦးတို့ ပါဝင်သော ထားဝယ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့သည် နံနက် ၁၁နာရီခွဲတွင်လည်းကောင်း အသီးသီးရောက်ရှိလာကြရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင်ပေးကြသည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ်(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားသို့တက်ရောက်ရန်ရခိုင်ပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဘောလုံးအသင်း ဗိုလ်လုပွဲတက် ကရင်ပြည်နယ်အသင်းကို တစ်ဂိုးတည်းဖြင့်အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း (အလွတ်တန်း) အမျိုးသားဘောလုံး ပြိုင်ပွဲ ဒုတိယ အကြိုဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းအသင်းနှင့်ကရင်ပြည်နယ် အသင်းတို့၏ပွဲစဉ်ကိုယနေ့ညနေ၃နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာရန်ကုန်တိုင်းအသင်းက တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

ရန်ကုန်တိုင်းအသင်း တစ်ဂိုး။

(ခင်မောင်ဦး)

ကရင်ပြည်နယ်အသင်း ဂိုးမရှိ။

အကောင်းဆုံးဆု ခင်မောင်ဦး

(ရန်ကုန်တိုင်း)

ယနေ့ပွဲတွင် ရန်ကုန်တိုင်းအသင်း ခြေအသာဖြင့် ကစားသွားပြီး ဒုတိယပိုင်းတွင်သွင်းသော ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်သွားသည်။

ပထမပိုင်းတွင် ရန်ကုန်တိုင်းအသင်းက ကစားကွက်မိမိ၊ အချိတ်အဆက်မိမိ ကစားပြီး အကြိမ်ကြိမ်တိုက်စစ်ဆင်နိုင်သော်လည်း အပြီးသတ် ဂိုးသွင်းမှု အားနည်းနေ၍ ဂိုးမရဖြစ်နေသည်။

ဒုတိယပိုင်း ငါးမိနစ်တွင် ရန်ကုန်တိုင်းမှ သက်နိုင်ထွန်း ကရင်နောက်တန်းကို ကျော်ဖြတ်ပြီး ဂိုးသမားနှင့် ရင်ဆိုင်ကာ ကန်သွင်းလိုက်သည့် ဘောလုံးကို ခင်မောင်ဦးက ထပ်မံပိတ်ဆို့၍ ရန်ကုန်တိုင်းအသင်း တစ်လုံးတည်းသော အနိုင်ဂိုးရရှိသွားသည်။

ဗိုလ်လုပွဲ

ဖေဖော်ဝါရီ ၈ရက်တွင် တတိယနေရာ ဗိုလ်လုပွဲအဖြစ် မန္တလေးတိုင်းအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၉ရက်တွင် ဗိုလ်လုပွဲအဖြစ် ဧရာဝတီတိုင်းအသင်းနှင့် ရန်ကုန်တိုင်း အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(ကြေးမုံ)

ပထမအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၃ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်အဆင့် အနာကြီးရောဂါကင်းဝေးရေး အောင်မြင်မှုရရှိခဲ့သည့် အထိမ်းအမှတ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနက ပထမအကြိမ် ကျင်းပသော အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏သဝဏ်လွှာကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်က ဖတ်ကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သောဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ JICA အဖွဲ့မှကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်း ကျန်းမာရေးဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ အနာကြီးရောဂါကင်းဝေးရေးစီမံချက်တွင် ပါဝင်ဆောင်ရွက်ခဲ့သော အခြေခံကျန်းမာရေး ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ပေးပို့သော သဝဏ်လွှာကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်က ဖတ်ကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်နှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ ဧည့်ကြိုဆောင်တွင် ခင်းကျင်းပြသထားသော အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြခန်းတွင် အနာကြီးရောဂါကင်းဝေးရေးအတွက် နိုင်ငံတော်၏ဦးဆောင်မှုကဏ္ဍ၊တတိယအကြိမ်မြောက် တစ်ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေး အစည်းအဝေး အသိပညာပေးရက်သတ္တပတ် လုပ်ငန်းဆောင်ရွက်မှု၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် JICA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အနာကြီးရောဂါကင်းဝေးရေး လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အနာကြီးရောဂါနှင့် မိသားစုအတွက် လူမှုရေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကိုယ်ခန္ဓာချွတ်ယွင်းမှုကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြသထားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတတရားတော် “သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိများ”**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၄၀	၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀	၈။ မျိုးချစ်တပ်မတော်
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (ဥပဒေပညာ) (ခ) ပထမနှစ်(ဒဿနိကဗေဒ)
၅:၃၀	၁၀။ ကြည်နူးရွှင်ပျော်ဖွယ်တေးသရုပ်ဖော်
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အချစ်လေပြည် (အပိုင်း-၁၄)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
	၂၂။ English Premier League ဘောလုံးပွဲ Bolton & Liverpool
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

သစ်သီးယိုနှင့် ဖျော်ရည်မျိုးစုံ သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

Imperial Fruit Group မှ ကြီးမှူးဖွင့်လှစ်သော စီးပွားဖြစ်သစ်သီးယိုနှင့် ဖျော်ရည်မျိုးစုံသင်တန်းများကို ပို့ချလျက်ရှိသည်။

မန္တလေး၌ ဖေဖော်ဝါရီပထမပတ်အတွင်း ဖွင့်လှစ်မည်ဖြစ်သည်။ စုံစမ်းလိုပါက Special Computer (၇၃)လမ်း (၃၀-၃၁)လမ်းကြား၊ မန္တလေး၊ ဖုန်း-၀၉-၂၀၀၃၆၇၉သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ စာတွေ့အပြင် လက်တွေ့ထုတ်လုပ်ခြင်းများကိုပါ အထူးဦးစားပေး သင်ကြားမည်ဖြစ်ပြီး စုံစမ်းလိုပါက ဖုန်း-၀၁-၆၉၀၂၆၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စုနေ့ဂုဏ်ပြု ကျေးလက်အိမ်ရာလွှဲအပ်

ရန်ကုန် ဖေဖော်ဝါရီ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ဖေဖော်ဝါရီ ၄ရက် နံနက်ပိုင်းတွင် ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောက်လုပ်ပေးခဲ့သော လွိုင်ကော်မြို့နယ် လယ်တိုင်ကျေးရွာ တန်ဖိုးနည်းကျေးလက်အိမ်ရာများကို (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးရွာလူထုသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် တက်ရောက် အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်ပင်မ အဆောက်အအုံသစ် မုခ်ဦးဆောင်ရှေ့၌ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၁ မှ

- **(Human Resource Development) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု (HRD)**
- **စီးပွားရေးကဏ္ဍ ပေါင်းစည်းမှု (Economic Integration) ဆိုသည့် ကဏ္ဍကြီးလေးရပ်ကို သတ်မှတ်ဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြကြောင်း။**

ထို Work Plan စီမံကိန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ကဏ္ဍများအလိုက် ဦးဆောင်ဆောင်ရွက်သွားရမည့် နိုင်ငံအလိုက် Country Co-ordinators များ သတ်မှတ်တာဝန်ပေးအပ်ရာတွင် မြန်မာနိုင်ငံကို ICT ကဏ္ဍနှင့် ပတ်သက်ပြီး ဦးဆောင်သွားရန် တာဝန်အပ်နှင်းခြင်းခံရကြောင်း။

ပင်မစီမံကိန်း

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပင်မစီမံကိန်း (Master Plan) တစ်ရပ် ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်နည်းတူ ဒေသတွင်း နိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်လည်း ပူးပေါင်းမြှင့်တင် ဆောင်ရွက်နေသည့် အချိန်အခါဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အတွင်း နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း ပညာရေးကဏ္ဍတွင် စနစ်တကျစီမံကိန်းများ ချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဥပမာအားဖြင့် ပြောရမည်ဆိုလျှင် ကွန်ပျူတာပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး ကွန်ပျူတာတက္ကသိုလ်နှင့် ကောလိပ်များ တိုးချဲ့ထူထောင်ပေးမှုများ၊ ကွန်ပျူတာဆိုင်ရာ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုများ၊ အဆင့်မြင့် ကွန်ပျူတာနည်းပညာ အခြေခံသည့် နိုင်ငံတကာအဆင့်မီ သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများ တပ်ဆင်ပေးမှုများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ICT နည်းပညာများ၊ ကွန်ပျူတာနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများနှင့်တကွ ပီပြင်ခိုင်မာသည့် အစီအမံများ ဘက်စုံကဏ္ဍစုံတွင် ချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ယခုဆိုလျှင် နိုင်ငံတော်အတွင်း၌ ICT ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ICT ဖွံ့ဖြိုးတိုးတက်စေမည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ICT အခြေခံသည့် စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

တက်ကြွစွာပါဝင်

ဤကဲ့သို့ အခြေအနေ အချိန်အခါကောင်းတွင် နိုင်ငံတော်အစိုးရ၏ မွန်မြတ်မြင့်မားသည့် နည်းပညာကဏ္ဍဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် ကွန်ပျူတာတက္ကသိုလ်၊ ကောလိပ်များက ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများကလည်း ကွန်ပျူတာနည်းပညာရပ်များ ခေတ်ကာလနှင့်လျော်ညီစွာ အချိန်နှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းရေး၊ ကွန်ပျူတာနည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တက်ကြွစွာ ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

ICT နည်းပညာရပ်များ မျှော်မှန်းချက်နှင့်အညီ တိုးတက်ဖြစ်ထွန်းပြီး အခြားသော အာဆီယံမိသားစုဝင်နိုင်ငံများ၏ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် လိုက်လျောညီထွေဖြစ်သည့်အပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းတိုးတက်ဖြစ်ထွန်းစေရအောင် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန်လည်း လိုအပ်ဦးမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကို မျှော်မှန်းပြီး ပညာရေးမြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေး အစီအမံများ၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ တည်ဆောက်ပေးပြီး ယနေ့ ကျောင်းသူ၊ ကျောင်းသား လူငယ်များကို အနာဂတ်တွင် ရင်ဆိုင်ကြုံတွေ့ရမည့် နည်းပညာရပ်ဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုးကို ဖြေရှင်းကျော်လွှားနိုင်စေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရက မျိုးဆက်သစ်လူငယ်များအပေါ် ထားရှိသည့် မွန်မြတ်မြင့်မားသော မျှော်မှန်းချက်များ၊ ဖြူစင်မွန်မြတ်သော စေတနာများ လက်တွေ့ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရန် လူငယ်များဖြစ်ကြသည့် မောင်တို့မယ်တို့ ကိုယ်တိုင်နှင့် အနီးကပ်လေ့ကျင့်ပျိုးထောင်ပေးနေသည့် တက္ကသိုလ်၊ ကောလိပ်အသီးသီးက ဆရာ၊ ဆရာမများကပါ တက်ကြွသော အားမာန်ဖြင့် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကြီး၏ အေးမြသည့် အရိပ်အာဝါသတွင် ပညာလေ့လာ ဆည်းပူးနေကြသည့် ကျောင်းသူ၊ ကျောင်းသားမောင်တို့ မယ်တို့ကလည်း ယနေ့ပေါ်ထွန်းလာပြီဖြစ်သည့် သစ်လွင်ခံ့ညားထည်ဝါသော တက္ကသိုလ်အဆောက်အအုံသစ်ကြီးနှင့်တကွ နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှုဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုပြီး စိတ်အေးချမ်းမြေ့စွာဖြင့် ပညာဆည်းပူးလေ့လာရင်း အနာဂတ်ကာလတွင် အရည်အသွေးမြင့်မားသည့် တိုင်းကျိုးပြည်ဆောင် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသည့် နိုင်ငံ့သားကောင်းသမီးမွန်များ ဖြစ်လာစေရအောင် အားထုတ်ကြိုးပမ်းသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ကွန်ပျူတာတက္ကသိုလ် ကျောင်းတော်သူ၊ ကျောင်းတော်သားများအနေဖြင့်

- **ယနေ့ပေါ်ထွန်းလာသည့် ကွန်ပျူတာတက္ကသိုလ်ကျောင်းတော်သစ်ကြီးတွင် အဆင့်မြင့်ကွန်ပျူတာ နည်းပညာရပ်များကို ပျော်ရွှင်ချမ်းမြေ့စွာ သင်ယူဆည်းပူး လေ့လာရင်း နိုင်ငံတော်အတွင်း ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၌ ဦးဆောင်နိုင်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ဖြစ်လာကြပါစေ၊**
- **အမိရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကြီးကို နိုင်ငံတော်အတွက် လိုအပ်နေသည့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးမှုတို့အတွက် အားထားဖွယ်ရာ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးအဖြစ် ထာဝရတင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်စေရအောင် ဝိုင်းဝန်းစွမ်းဆောင်ပေးနိုင်ကြပါစေ**

ဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကွန်ပျူတာနည်းပညာ တတိယနှစ်ကျောင်းသား မောင်သီဟလှိုင်ထွန်းက ရန်ကုန်ကွန်ပျူတာတက္ကသိုလ် တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ရွှေကျားပျံဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ညွန့်နှင့် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဇော်ထွန်းတို့က မြန်မာနိုင်ငံပညာရေးကော်မတီသို့ ငွေကျပ်သိန်း ၂၀၀တန်ဖိုးရှိ သင်ကြားမှု အထောက်အကူပြု Server နှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေကျားပျံဆောက်လုပ်ရေးကုမ္ပဏီက လှူဒါန်းသည့် သင်ကြားမှုအထောက်အကူပြု Server နှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်ထံ လွှဲပြောင်းပေးအပ်လိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် စာသင်ခန်းများ၊ ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ/သရုပ်ပြ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် မုခ်ဦးဆောင်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ပင်မ အဆောက်အအုံသစ်ကို ၂၀၀၂ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပန္နက်တင်၍ စတင်တည်ဆောက်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီး၍ ယနေ့ဖွင့်လှစ်ခြင်းဖြစ်သည်။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် သုံးထပ် ပင်မအဆောက်အအုံတစ်လုံး၊ စာသင်ဆောင် (Type-A)နှစ်လုံး၊ စာသင်ဆောင် (Type-B) နှစ်လုံး၊ ကွန်ပျူတာခန်းမဆောင် တစ်ဆောင်၊ စာသင်ခန်းမ (Lecture Hall) နှစ်ခု၊ စားသောက်ဆိုင်နှစ်ဆောင်ပါဝင်ပြီး ဒုတိယအဆင့် တည်ဆောက်ရေးလုပ်ငန်းများအဖြစ် ကျား၊ မနားနေဆောင် နှစ်လုံးနှင့် သုံးထပ်စာသင်ဆောင် (Type-C)တစ်လုံး ဆက်လက်တည်ဆောက်လျက်ရှိရာ ၈၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ရှိ စာသင်ခန်း ၅၈ခန်း၌ တစ်ခန်းလျှင် ကျောင်းသား၊ ကျောင်းသူ ၆၀ခန့်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၃၄၈၀ဦး၊ စာသင်ခန်းမကြီး တစ်ခန်းလျှင် ကျောင်းသား၊ ကျောင်းသူ ၃၀၀ဖြင့် နှစ်ခန်းတွင် ကျောင်းသား၊ ကျောင်းသူ ၆၀၀စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၀၈၀ဦးကိုလည်းကောင်း၊ ကွန်ပျူတာဆောင်၌ သင်ကြားရေးဆိုင်ရာ ကွန်ပျူတာခန်းမလေးခန်းဖွဲ့စည်းထားပြီး တစ်ခန်းလျှင် ကွန်ပျူတာအလုံး ၁၀၀ စုစုပေါင်း ကွန်ပျူတာအလုံး ၄၀၀ဖြင့် ကျောင်းသား၊ ကျောင်းသူ ၄၀၀ကိုလည်းကောင်း တစ်ပြိုင်တည်းသင်ကြားနိုင်ရန် စီစဉ်ထားသည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာနှင့် ရုပ်ရှင်၊ ဂီတပဒေသာကပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းစီစဉ်သည့် ပြည်ထောင်စုပဒေသာကပွဲကြီးကို ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ၌ ဖေဖော်ဝါရီ ၁၃ရက်နှင့် ၁၄ရက် ည ၇နာရီတွင် ကပြဖျော်ဖြေမည်ဖြစ်သည်။

ပြည်ထောင်စုပဒေသာကပွဲကြီးတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ တေးသရုပ်ဖော်၊ တေးဂီတ သီဆိုဖျော်ဖြေမှုအစီအစဉ်၊ ဟာသ တစ်ခန်းရပ် အစီအစဉ်တို့ပါဝင်မည်ဖြစ်သည်။ ဂီတမှူး အကယ်ဒမီ ဂီတလုလင်မောင်ကိုကို စီစဉ်တင်ဆက်သည့် တေးဂီတဖျော်ဖြေမှု အစီအစဉ်တွင် အဆိုတော် ကိုမင်းနောင်၊ ခနေဖြူစိုးသိန်း၊ မျိုးမြင့်လေး၊ တင်ဦးလေး၊ သန်းမြတ်စိုး၊ ကေတုဝင်းထွဋ်၊ ရန်ပိုင်စိုး၊ တင်တင်မြ၊ ထား၊ ချိုပြုံး၊ ရီရီသန့်၊ မီမီဝင်းဖေ၊ နုယဉ်သန်းဝင်း၊ မျိုးသန္တာထွန်း၊ ရတနာဦး၊ စိုးစန္ဒာထွန်းတို့က တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ဂီတစာဆို ပြဇာတ်ဒါရိုက်တာ ဘိုကလေးတင့်အောင်၏ အသွင်ထူးပြီး ရွှင်မြူးစေမည့် ဟာသ တစ်ခန်းရပ်ပြဇာတ်တွင် ခန့်စည်သူ၊ အကယ်ဒမီမျိုးသန္တာထွန်း၊ ဒေါ်နွဲ့နွဲ့စန်း၊ ဦးစိန်ရိုး၊ ကုသိုလ်၊ အရိုင်း၊ ငှက်ပျောကြော်၊ ကင်းကောင်၊ ပိုးဖြူ၊ ညီဂျော်၊ ထူးသာ၊ ညောင်ညောင်၊ တက္ကသိုလ်ဝမ်းပုံ၊ အေးအေးခိုင်၊ ဘိုမ၊ ကစ်ကစ်၊ ကြူကြူသင်း အစရှိသည့် အနုပညာရှင်များ ပါဝင်ကြမည်ဖြစ်သည်။ တေးသရုပ်ဖော်ကဏ္ဍတွင် ထူးခြားဆန်းသစ်သော တေးသရုပ်ဖော်အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။ ပွဲကြည့်ပရိသတ်များ သွားလာရေးအဆင်ပြေစေရန် မော်တော်ယာဉ်များစီစဉ်ထားကြောင်း သိရသည်။ ကြိုတင်လက်မှတ်များကို ဖေဖော်ဝါရီ ၉ရက်မှစ၍ အမျိုးသားဇာတ်ရုံ မြို့မကျောင်းလမ်း၌ ရောင်းချပေးမည်ဖြစ်သည်။ (သတင်းစဉ်)

KISS

ဆောင်းဦးရွက်ကြွေ ချစ်သက်သေ

VCD ကာရာအိုကေ ထွက်ပြီ။

စည်သူလွင်၊ ဇရောဟမ်၊ ဂျိုလတ်၊ ချော့ရခင်၊ သရဖီတင်

ဝေးဆိုပြိုင်ပွဲဝင်နိုင်ရန်

လျှောက်လွှာပုံစံကို VCD ဗူးနဲ့ ခွေမျက်နှာပုံးအဲ့ နောက်ကျောစာမျက်နှာတွင် ဖြည့်စွက်၍ အောက်ပါလိပ်စာသို့ ပြန်လည်ပေးပို့နိုင်ပါသည်။

မှတ်ချက်။ ။ ပြိုင်ပွဲဝင်ပုံစံမဟုတ်သည့် လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၇-၂-၀၄ မှ ၁၄-၂-၀၄ အတွင်း ဝယ်ယူအားပေးသူများ VCD အချပ် နှင့် အတူ ကစ်(စ်) တေးသံသွင်း နှင့် ဗီဒီယို ထုတ်လုပ်ဖြန့်ချိရေး ၁၉၈/၂၀၀ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ သို့လာရောက် ထုတ်ယူနိုင်ပါသည်။



အရှေ့အနယ်ညာဂျွမ်းကြိုးဆွဲ

၂၀၀၃-ခုနှစ် CITY FM ရဲ့ (မြန်မာဝဲ) အရောင်းရဆုံးအမျိုးသားတေးသံရှင်ဆုရ မျှလေသံရှင်ကိုယ်တိုင်ဖြတ်ဆွဲမှုနှင့်သီချင်း(Tape&CD)များနှင့်လုပ်ငန်းဆောင်ရွက်၍ ... KARAOKE VCD ကို ... (၁၀-၂-၂၀၀၄)မှစ၍ ... VCD အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပါသည်။

သီချင်းများအကြောင်းပြောနိုင်ရန်...

သိန်းရှင်သော(မှုရှိ)VCDအချပ်ဝယ်ယူခြင်းဖြင့်...

ဖြတ်ဆွဲမှုနှင့်အတူကုလိယ်ယူနိုင်ကြပါစေ...ဟူ၍

အရှေ့မှလိုက်လံပြုဆယ်ကြားအပ်ပါသည်။

A.Z.A.R.A

အရှေ့အနယ်ညာ ၊ ... (၀၁) ...

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Brand Executive** **Male (5 Posts)**

- ဘွဲ့ရ၊ အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်း
- Marketing အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
- Computer ကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်၊ လွတ်လပ်စွာခရီးသွားလာနိုင်သူဖြစ်ရမည်။
- Marketing Diploma ရရှိထားသူ ဦးစားပေးမည်။

၂။ **Receptionist** **Female(1 Post)**

- ဘွဲ့ရ၊ အသက်(၂၅)နှစ်မှ (၃၀)နှစ်အတွင်း
- အင်္ဂလိပ်စကားပြောအသင့်အတင့်ပြောဆိုနိုင်ရမည်။
- ရုပ်ရည်အသင့်အတင့်ရှိရမည်။
- အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၃။ **Accountant** **°Male/ Female(1 Post)**

- ဘွဲ့ရ (B.Com:)
- လုပ်သက်အနည်းဆုံး(၃)နှစ်ရှိရမည်။
- Computer ကျွမ်းကျင်ရမည်။
- ရန်ကုန်နယ်နိမိတ်အတွင်းတာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း (CV)၊ ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

A&A Co.,Ltd. အမှတ်(၉၅)(က)၊ ဝေဇယန္တာလမ်း၊ ၃(ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၅၇၇၇၅၅၊ ၀၁-၅၆၁၈၆၆။

အမည်ပြောင်းခြင်း

ဦးစံလူလူ [၁၂/ပဇတ (နိုင်)၀၀၂၆၄၂]နှင့် ဒေါ်သန်းသန်းတင့်[၁၂/ဒပန(နိုင်)၀၁၃၅၈၁] တို့၏သား ဘိုမြင့်စံအား မောင်မိုးစံထွဋ်(ခ) ဘိုဘိုဟု အမည်ပြောင်းလဲခေါ်ပါရန်။

အမည်မှန်

ဦးဝင်းနိုင်၏သမီး အထက(၄) ပုဇွန်တောင်၊ သတ္တမတန်း(က)မှ မနှင်းရည်ဝင်း၏အမည်မှန်မှာ မနှင်းရီဝင်းဖြစ်ပါကြောင်း။

မနှင်းရီဝင်း။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ အလ္လကပ္ပရွာနေ မောင်အောင်နိုင်ဝင်း[၅/မမတ(နိုင်)၀၅၆၅၅၉]သည် မိဘများ၏ဆုံးမမှုကို မနာခံသည့်အပြင် နေအိမ်မှဆင်းသွားပါသဖြင့် အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်း။

ဦးစိန်မောင် [၅/မမတ(နိုင်)၀၂၀၁၃၉]

ဒေါ်ဗွေးသန်း [၅/မမတ(နိုင်)၀၁၉၅၁၅]။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်ကိုကို [၁၂/ပဇတ(နိုင်)၀၁၇၁၅၉] ကိုင်ဆောင်သူသည် မိဘနှစ်ပါးကို စိတ်ဆင်းရဲသိက္ခာကျအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၁၈-၁-၂၀၀၄နေ့တွင် မိမိသဘောဆန္ဒနှင့် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနေ့မှစပြီး သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

(ဖခင်) ဦးနိုင်နား[၁၂/ပဇတ(နိုင်)၀၁၅၅၂၄]။

Junior Management & Office Staff Training

- ကွန်ပျူတာ (MS Word, Excel, Accpac)
- ...
- ...

MCC

Yan Aung

ကားမျိုးစုံငှားနိုင်ပါသည်။ ...

ကားရောင်းမည်

BLUE BIRDဆလွန်းအဖြူ ဘ/၁---ကျော် 86MD၊ လိုင်စင်ဝင်ပြီး (1.6) အိမ်စီးကားသန့်။

ဖုန်း-၅၃၉၅၂၁။

ဈေး ရောင်း ပွဲ ကာ လ အတွင်း ကိုယ်ပိုင် ပွဲ ရုံ တည် ဆောက် လို သူ များ ဘာ ကြောက် ဘာ ရှေး ဘာ ရွှင် ဘာ ရေး

ဘုရင့်နောင်ပွဲရုံသစ်အဆောက်အအုံ နှင့်မြေကွက်များ

မြို့တော်အိမ်ရာစီမံကိန်းကော်မတီ၏ လမ်းညွှန်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်

တက်လမ်း/ရွှေကြီးနှီးဆောက်လုပ်ရေးကုမ္ပဏီမှ

ဝယ်ယူသူများ၏ တောင်းဆိုချက်အရ ဈေးရောင်းကာလကို

၀၇-၀၂-၀၄ မှ ၀၇-၀၃-၀၄ အထိထပ်မံတိုးမြှင့်၍ ရောင်းချပေးနေပါပြီ။

၁။ ...
၂။ ...
၃။ ... အနစ်(၆၀) ...
၄။ ...
၅။ ...(၁၀၀)...
၆။ ...
၇။ ...
၈။ ...
၉။ Sanitary ...

"... ..."

ရောင်းချမည့်အဆောက်အအုံ အမျိုးအစားနှင့် မြေကွက်အကျယ်အဝန်း



တက်လမ်း/ရွှေကြီးနှီး ဆောက်လုပ်ရေးကုမ္ပဏီ

"ရင်း နှီး မြှုပ် နှံ နိုင် ရန် အ တွက် လည်း အ ဆင် ပြေ မည့် အ ရစ် ကျ ငွေ ပေး ချေ စ နစ် ဖြင့် ရောင်း ချ ပေး မည်။"

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ အမှတ် (၁၁) ဗဟိုလမ်းနေ (ဦးကြည်ဟင်း)+ဒေါ်ကြင် တို့၏သားထွေး အမှတ် (၉၀/က) အောက်ကြည့်မြင်တိုင်လမ်းနေ မောင်ကျော်ဇွ (B.S.c Chemistry)

နှင့်

ထားဝယ်မြို့ ထားလော့ရပ်ကွက် ရွယ်တော်လမ်း အမှတ် (၁၈၄) နေ ဦးဆယ်မြှုရယ်+ဒေါ်မေရီသယ် (ဆရာမနန်းဖောင်း) တို့၏ ဒုတိယသမီး မနန်းကေသွယ် (B.S.c Chemistry) တို့သည်

(6.2.2004) နေ့တွင် နှစ်ဖက်သောမိဘများဆွေမျိုးများ ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇွ-မနန်းကေသွယ်

အသက် (၅) နှစ် မှ (၁၅) နှစ် အရွယ်

ကလေးများအတွက်

ဦးကံညွှန့်မောင်

နွေရာသီအင်္ဂလိပ်သင်္ချာ နှင့်

စကားပြောသင်တန်း

ရောင်း/ကားနှင့်လဲမည်

အမှတ်-၈၊ လှည်းတန်း(၆)လမ်း၊ (ဈေးနီး)၊ ကမာရွတ်မြို့နယ် 25'x50' တစ်ထပ် အိမ်၊ ရေ၊ မီးစုံ၊ နှစ်(၆၀)ဂရန် ရောင်း/ Sloonဖြင့်လဲမည်။ (AM-11:00-PM-5:00)၊နေရာကောင်း။

TOP ☎ 243363 705877

တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ

☎542311 09-5002003

ကားသန့်ရောင်းမည်

၁/1--- Hilux ငါးချိတ် MD-79
၄/5--- Publica MD-81
ထ/3--- Publica MD-80

ဖုန်း-၆၃၅၆၉၅။

နှစ် (၅၀) ရွှေရတုမင်္ဂလာဆုမွန်တောင်း

ဂုဏ်ယူ ကြည်ညိုခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်၊ တမာတန်း၊ သစ်ဆိမ့်တိုက် ငြိမ်းချမ်းရွှေပြည်ကျောင်း၏ **ပဓာနနာယက၊ သာသနဇဓမ္မာစရိယသီတဂူ ကြယ်တစ်ပွင့် အရှင်ပညာနန္ဒ** အား ၄-၁-၂၀၀၄နေ့တွင် နိုင်ငံတော်မှ "ဓမ္မကထိကဗဟုဇနဟိတဓရ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူ ကြည်ညိုမဆုံး ဖြစ်ရပါကြောင်း။

ကျောင်းဒါယကာ၊ ရဟန်းဒါယကာ
ဦးသိန်းတန်၊ သီဟသုဓမ္မသီဂီဒေါ်သန်းသန်းနွဲ့။

မွေးနေ့ဆုတောင်း

ဗိုလ်လောင်း **စိုးဝင်းထွန်း(ခ)သူရဝင်း** (D.S.A)ဒုတိယနှစ် ပြင်ဦးလွင် သားသားရဲ့ ၇-၂-၂၀၀၄ရက်နေ့မှာ ကျရောက်တဲ့ (၁၈)နှစ်မြောက်မွေးနေ့မှသည် နောင်အနှစ်၁၀၀တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး ထူးချွန်ထက်မြက်တဲ့သားကောင်းရတနာဖြစ်ပါစေ---။

ဖေဖေ - ဦးတင်ယု၊ **မေမေ**-ဒေါ်မြင့်မြင့်သန်း။
မမကြီး: - ကိုဇေယျာဝင်း-မအိအိဖြူ၊ **မမလေး:**-မနီလာမြင့်
ချစ်တူလေး: - သက်နောင်စိုး[ကောင်းကောင်း]။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တိုက်(၃၁)၊ အခန်း(၅၀၂)၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်နေ
မောင်မြတ်စိုးသန့် **နှင့်**
ဘိုကလေးမြို့၊ အမှတ်(၂၃)၊ ကမ်းနားလမ်း၊ (၅)ရပ်ကွက်နေ
မစိုးစိုးလွင်
တို့သည် နှစ်ဦးသဘောတူ လှိုင်သာယာမြို့နယ်တရားရုံးတွင် ၂၇-၁-၂၀၀၄ နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

မောင်မြတ်စိုးသန့်-မစိုးစိုးလွင်။

မင်္ဂလာဆုတောင်း

Dr.မင်းကြည် M.B.,B.S (Ygn) Ph.D

နှင့်

ကျွာရှေ့မြင့် (ခ) အဲလက် B.Sc

တို့၏ ၃၁-၁-၂၀၀၄နေ့တွင် ကျင်းပပြုလုပ်သော မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြီးပြည့်စုံသော ဘဝကို ဆက်လက် လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကြန့်တိတ်အသင်းသားများ
ဘိုကလေးမြို့။

GUARDIAN MONTHLY MAGAZINE

ဝန်ထမ်းအမြန်အလိုရှိသည်။

(ပြည်တွင်း၌သာခန့်ထားရန်)

စားသောက်ကုန်ဖြန့်ဖြူးရောင်းချရန်အတွက်အောက်ဖော်ပြပါ ဝန်ထမ်းများအမြန်အလိုရှိသည်။

၁။ အရောင်းမြှင့်တင်ရေးဝန်ထမ်း မ - (၄၀)ဦး
(၁၀-တန်းအောင်ရုပ်ရည်ချောမောသန့်ပြန့်ပြီးသွက်လက်၍ဆက်ဆံရေးကောင်းမွန်ပြီး ညတိပ်ညနေ၊ နယ်ခရီးထွက်နိုင်ရမည်။ တစ်ဦးချင်းဈေးရောင်းနိုင်ရမည်။ Marketingကားဖြင့်အရောင်းထွက်ဖူးသောအတွေ့အကြုံရှိသူဦးစားပေးမည်)

လျှောက်ထားလိုသူများသည်တစ်ပတ်အတွင်းရိုက်ထားသောဓာတ်ပုံ(၂)ပုံ၊ကိုယ်ရေးရာဇဝင်(အောင်လက်မှတ်၊မှတ်ပုံတင်၊အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်စာရင်း)မိတ္တူ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ မူရင်း(နေ့ထိရှိ)နှင့်အတူသတင်းစာပါသည့်နေ့မှစ၍လူကိုယ်တိုင်အမြန်လာရောက်လျှောက်ထားနိုင်သည်။

MOON OCEAN ဖြန့်ချိရေးလုပ်ငန်း
MYANMAR AUNG ZABU SYNDICATE LTD
No-40, 23th Street, Latha, Yangon.

ဝန်ထမ်းအလိုရှိသည်

(၁) MARKETING MANAGER
(၂) MARKETING ASSISTANT

ဖွင့်ပွဲ(၃)နှစ်မြောက် Special Sales 30% Off

အရှေ့တိုင်း မျက်မှန်

နည်းပညာသစ်၊ မြင်ကွင်းသစ်

ဆူးလေစင်တာဗို့ဖက်ရှင်

အမှတ်(204/208)၊ ☎ 252804, 283359

ပဲရော့မောင် နှင့် ပဲရော့မယ် ရွေးချယ်ပွဲကြီး

STAR SEARCH MR & MISS PARROT CONTEST

ဆုကြေး-၂၀၀,၀၀၀ ကျပ်စီ နှင့် ပဲရော့ TV ကြော်ငြာသရုပ်ဆောင်ခွင့်

လျှောက်လွှာနှင့် အတူ ပေးပို့ရမည့်အချက်များ

(၁) 4 x 6 inches ဓာတ်ပုံ(၂)ပုံ

Parrot Soap

GMG Co.,Ltd.

လျှောက်လွှာပိတ်ရက် 29th February 2004

ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာစလေ့ဌာန
(SEAMEO Regional Centre for History and Tradition)
CHAT Communication in English Course
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာစလေ့ဌာန(SEAMEO Regional Centre for History and Tradition)၏ အစီအစဉ်ဖြင့် အောက်ပါ သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က)**ဖွင့်လှစ်မည့်သင်တန်းများ**- CHAT Communication in English Course
i. Basic Level Course
ii. Intermediate Level I Course
iii. Intermediate Level II Course
iv. Advanced Level I Course

(ခ)**ဖွင့်လှစ်ပို့ချမည့်သင်တန်းကာလ** - ၁၄-၂-၂၀၀၄ရက်နေ့မှ ၂-၅-၂၀၀၄ရက်နေ့အထိ (၁၂)ပတ်(Basic;Intermediate I;Intermediate II)
၁၄-၂-၂၀၀၄ရက်နေ့မှ၃၀-၅-၂၀၀၄ရက်နေ့အထိ (၁၆)ပတ် (Advanced I)

(ဂ)**သင်တန်းဖွင့်လှစ်မည့်နေရာ** - ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာစလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(ဃ)**သင်တန်းပို့ချမည့်နေ့နှင့်အချိန်** - Mon, Wed, Fri(7:00 to 9:00); (17:00 to 19:00)
Tue, Thur, Sat(7:00to9:00):(17:00to19:00)
Thur, Sat, Sun (7:00 to 9:00)
Sat, Sun (9:00 to 12:00): (12:00 to 15;00);
(15;00 to 18;00)
တန်းခွဲတစ်ခုတွင် သင်တန်းသား(၃၀)ဦးသာ လက်ခံပါမည်။ ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။

(င)**သင်တန်းဝင်ခွင့်အရည်အချင်း** - Basic Level Courseအတွက် အနိမ့်ဆုံးအခြေခံပညာအထက်တန်း သင်ယူပြီးမြောက်ခြင်းလက်မှတ်ရသူများ၊
- Intermediate Level I Course အတွက် Basic Level Courseတက်ရောက် အောင်မြင်ပြီးသူများ၊
- Intermediate Level II Course အတွက် Intermediate Level I Course တက်ရောက် အောင်မြင်ပြီးသူများ၊
- Advanced Level I Course အတွက် Intermediate Level II တက်ရောက် အောင်မြင်ပြီးသူများ၊
- Intermediate Level I Course သို့ တိုက်ရိုက်တက်ရောက်လိုသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၈-၂-၂၀၀၄ နံနက်(၁၁)နာရီမှ (၁၂)နာရီအထိ ဖြေဆိုရပါမည်။ ၎င်းစာမေးပွဲအတွက် ဝင်ကြေးငွေ ၅၀၀ိ/-ကို၈-၂-၂၀၀၄ရက်နေ့ နံနက်(၁၀း၀၀)နာရီတွင် ပေးသွင်းရပါမည်။ အဆိုပါ ဝင်ခွင့်စာမေးပွဲသို့ (၂၅)ဦးသာ ဝင်ရောက် ဖြေဆိုခွင့်ပြုပါမည်။

(စ)**လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၉-၂-၂၀၀၄
(ဆ)**လျှောက်လွှာပိတ်မည့်ရက်** - ၁၁-၂-၂၀၀၄

၂။ Advance Level II Course ကို စာမေးပွဲဖြေဆိုအောင်မြင်ခဲ့ပြီး သတ်မှတ်သင်တန်းချိန်ပြည့်မီအောင် တက်ရောက်ထားသူများအား Diploma လက်မှတ်ပေးအပ်ပါမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာစလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။ (ဖုန်း - ၅၁၅၁၈၀၊ ၅၃၉၇၀၈)။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ ပထမထပ် (ယာဘက်ခန်း) အမှတ်-၄၃၇နေ၊ ဦးဇော်ထွင့်အောင်[၁၂/ဗတထ(နိုင်)၀၂၃၃၈၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်ဥမ္မာသန်း[၁၂/ကတတ(နိုင်)၀၂၂၄၃](အီး/အာရ်ဂျီအင်န်-၀၂၂၄၆၀)နှင့် ဦးဇော်ထွင့်အောင်တို့သည် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၅၄၃/၂၀၀၂တွင် ၁၈-၁၂-၂၀၀၂နေ့ ချမှတ်သော အမိန့်အရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဖော်ပြပါ ရန်ကုန်တိုင်းတရားရုံး အမိန့်ချမှတ်သည်နေ့မှစ၍ ဦးဇော်ထွင့်အောင်နှင့်ဒေါ်ဥမ္မာသန်းတို့သည် လုံးဝသက်ဆိုင်ပတ်သက်ခြင်း မရှိတော့ကြောင်း ဖော်ပြအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးဇော်ထွင့်အောင်	**ဦးကျား(၁၀၀၆)**
	ဒေါ်လှလှလွင်(၅၇၇၃)
	တရားရုံးချုပ်ရှေ့နေများ။

သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၄/ဆ)၊ ဧရိယာ (၀ဒသမ ၃၂၅)ဧကရှိ မြေပိုင်မြေကွက်ကြီးမှ တရားဝင်မခွဲစိတ်ရသေးသော အရှေ့ဘက်အခြမ်း၊ (အလျား၁၀၀ပေ X အနံ၁၀၀ပေ)ရှိ မြေအစိတ်အပိုင်းနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ်(၂၆)နေ ဒေါ်မြင့်မြင့်ကြည်က အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုပြီး ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ဦးကျော်လှလမ်း၊ အမှတ်(၂၇)နေ ဒေါ်နီလာလူထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

သို့ပါ၍ ဒေါ်မြင့်မြင့်ကြည်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ယင်းမြေအစိတ်အပိုင်းနှင့် ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဝဏ္ဏကျော်ထင်ဦးတင်ရွှေ (ဘီအေ၊ ဘီအယ်လ်)
တရားရုံးချုပ်ရှေ့နေ
အမှတ်(၂၇)၊ ၈၇-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -
(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။
(ဂ) ၁- ၂ -၂၀၀၄ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ် ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၉ - ၂-၂၀၀၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၄- ၂-၂၀၀၄ ရက်နေ့မှ ၄- ၃-၂၀၀၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက် စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်သတင်းပို့ လျှောက်ထားရမည်-
(က) နိုင်ငံသားစိစစ်ရေး လက်မှတ်။
(ခ) ပညာအရည်အချင်း အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ်ဓါတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များ အစီအစဉ်ဖြင့် အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip. C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ၄၅၀၀ ကျပ်၊ ဒုတိယနှစ် ၅၀၀၀ ကျပ်ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း) အဖြစ်ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိပြီး အောင်မြင်ပါက တစ်ဆင့်မြင့် အဆင့်/အတန်းသို့ တိုးမြှင့်ရရှိမည်ဖြစ်ပြီး အောက်ပါအတိုင်း လစာနှင့်စရိတ်များရရှိမည်-

အဆင့်/အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က) တပ်ကြပ်ကြီး/စာရေး(တတိယတန်း)	၅၃၀၀	၁၅၀	၁၀၀၀	၆၄၅၀ိ/-
(ခ) တပ်ကြပ်ကြီး/စာရေး(ဒုတိယတန်း)	၅၃၀၀	၂၀၀	၁၀၀၀	၆၅၀၀ိ/-
(ဂ) တပ်ကြပ်ကြီး/စာရေး(ပထမတန်း)	၅၃၀၀	၂၅၀	၁၀၀၀	၆၅၅၀ိ/-
(ဃ) ဒုတိယအရာခံဗိုလ်/စာရေး	၆၅၀၀	၂၅၀	၁၀၀၀	၇၇၅၀ိ/-
(င) အရာခံဗိုလ်/စာရေး	၇၁၀၀	၂၅၀	၁၀၀၀	၈၃၅၀ိ/-

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀ိ/- နှုန်းဖြင့် ၅၀၀ိ/- အထိ ခံစားခွင့်ရှိသည့်အပြင် သက်သာချောင်ချိရေးထောက်ပံ့ငွေအဖြစ် လစဉ် ၅၀၀ိ/- ခံစားခွင့်ရှိသည်။

၇။ တပ်ကြပ်ကြီး/စာရေးအဖြစ် တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက်** အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူတပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ် ပြည့်ပြီးလျှင်သော်လည်းကောင်း **ဗိုလ်လောင်းသင်တန်းသို့** လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

Golden Flower Co.,Ltd

ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ

သံသုမာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊သင်္ဃန်းကျွန်းမြို့နယ်။

(သုဝဏ္ဏအားကစားကွင်းအနီး)

အဆင့်မြင့်တိုက်ခန်းကျယ်များ Room Type

2300 Sft

2800 Sft

အမြတ်ရွှန်းကိုရောင်းချသူမှပေးဆောင်ပါမည်။

ရောင်းချလျက်ရှိပါသည်

အရစ်ကျစနစ်ဖြင့်ငွေပေးသွင်းနိုင်ပါသည်။

အရောင်းခန်းမ

Golden Flower Plaza

အမှတ်(၂၁၄)ဝါးတန်းလမ်းလမ်းမတော်

ရန်ကုန်မြို့

ဖုန်း-၂၂၀၀၂၄၊ ၂၂၀၀၂၅၊ ၂၂၀၀၂၆

ဖက်(စ)-၂၅၉၂၅၅

တားစီးလုံးငှားမည်

MT&K Tourism Co.,Ltd.

Ph:663161, 666228, 4401943

09-5042815, 09-5016537

MPEC

System and Database Administrator Level-1

(Linux,Solaris and Oracle Fundamentals)

- Linux Red Hat 9.0 Operation System (Level 1 & 2)
- Introduction to Solaris 2.8 SPARC 64 Bits Operation System
- Oracle 9i SQL Fundamental
- Oracle 9i SQL Advanced Developer
- Oracle 9i Database Expert

50% Off

Date : 14th February, 2004

Time : Saturday & Sunday (8 to 11 am)

Ph: 502801, 505278, 539151, 668779

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ကျင်းလှုံ့ဝုန်၏ မှတ်ပုံတင်[၅/ကလထ(နိုင်)၁၀၉၂၁၂] နှင့် နိုင်ငံကူးလက်မှတ်-၄၂၂၀၂၆တို့သည် ၂၈-၁-၂၀၀၄ရက်နေ့တွင် ပန်းဆိုးတန်းလမ်း၌ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံပါသည်။ **ဖုန်း-၂၄၂၆၇၆၊ ၂၄၂၅၄၃၊ ၇၂၂၁၁၈။**

နှစ်သစ်အထူးအစီအစဉ် 30 % Off

SWAN တံဆိပ် Binding Tape 1$\frac{1}{2}$" ကိုက်ပြည့်များကို ဦးရာလူစနစ်ဖြင့် အမြန်ရောင်းမည်။ အရောင်(၅)မျိုးရှိသည်။ ပစ္စည်းအရေအတွက် ကန့်သတ်ထား ပါသည်။ ၂၀-၂-၂၀၀၄ အထိသာ။

ဆက်သွယ်ရန်-အမှတ်(၉၆/D)၊ ၅၂လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း - ၂၉၄၅၉၀။

အမြန်ရောင်းမည်

၂၅'X ၅၀' အခန်းဖွဲ့ပြီး၊ အသင့်နေနိုင်၊ ဖုန်း၊ A/C ပါ (၄)လွှာ၊ အုန်းတောကမာရွတ်၊ ဟံသာရိပ်မွန်အိမ်ရာ။

ဖုန်း - ၅၀၅၇၁၃။

---

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

မောင်ညီညီထက် (ခ) မောင်ညီမင်းထက်

ချစ်တဲ့ သားသား မိသားစုထဲကနေ ခွဲခွာသွားခဲ့တာ ဒီနေ့ (၇-၂-၂၀၀၄)ဆိုလျှင် (၂)နှစ်ပြည့်ပြီဖြစ်ပေမယ့် သားသားကို အမြဲတမ်းသတိရနေပါတယ်။ သားသားအတွက်ရည်မှန်းပြီး နေ့စဉ်၊ လစဉ် ဒီနေ့ (၂)နှစ်ပြည့်တဲ့အထိ ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုများကိုလည်း သားသားအတွက် အမျှအတန်းပေးဝေပါတယ်။ မြင့်မြတ်သော ဘုံဘဝမှ သားသား သာဓုခေါ်ဆိုနိုင်ပါစေ။

သားသားရေ အမျှ- အမျှ- အမျှ

သားသားကိုချစ်တဲ့-

ဘိုးဘိုး - သူရဦးအောင်ထက်၊ ဘွားဘွား - ဒေါ်စောမြ

ဖေဖေ - ဗိုလ်မှူးကျော်ကျော်ထက်၊ မေမေ - ဒေါ်နီလာအောင်

မမ - စန္ဒီအောင်ထက်

အန်တီစိုး

ဦးကျော် - အန်တီနန်း

အန်တီဥမ္မာမိသားစု

ဦးဝင်းထက် - အန်တီသီဂီ

အန်တီသစ်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ခ/၅၂၉၄ အမျိုးအမည် ဖို့ဒ် F60H အမျိုးအစား ထရပ်ယာဉ်အား ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းမောင် [၁၂/လကန(နိုင်)၀၀၃၄၅၈]မှ မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း(၁၀)အတွင်း ကညန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်)။**

ကျေးဇူးတင်ရှိခြင်း

ဦးထွန်းဦး(ခ) M.ဟာနစ်ဘိုင်

အသက်(၆၈)နှစ်

၃၀-၁-၂၀၀၄ရက်(သောကြာနေ့)တွင် အလာသျှင်မြတ်အမိန့်တော်ခံယူသွားသော ကျေးဇူးရှင် ဖခင်ကြီး ဦးထွန်းဦး(ခ) M.ဟာနစ်ဘိုင် နာမကျန်းဖြစ်စဉ်က ဂရုတစိုက် ပြုစုကုသပေးခဲ့ကြသော အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ဆေးကုသဆောင်မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများ၊ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေ သင်္ဂဟများ၊ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ တယ်လီဖုန်း၊ ကြေးနန်းတို့ဖြင့် ဆက်သွယ်မေးမြန်းအားပေးကြသော မိတ်ဆွေသင်္ဂဟများအားလုံး ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ခ/၅၂၃၉ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ အသုံးချဘောဂဗေဒဌာနမှ လက်ထောက်ကထိက ဒေါ်မင်းနွယ်နီ၏မိခင်ဖြစ်သူ ဒေါ်ဘီခွန်ရှောင် (လားရှိုး) (၆၄)နှစ်သည် ၂၅-၁-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဘောဂဗေဒမိသားစု

ရန်ကုန်စီးပွားရေးတက္ကသိုလ်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်အောင်စိုးသူ [၁၂/လသန(နိုင်)၀၀၁၉၃၉]သည် မိခင်၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် စိတ်ဆင်းရဲအောင်ပြုမူ၍ မိမိဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် အမွေစား၊ အမွေခံ သားအဖြစ်မှ ရာသက်ပန် စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင် ကျွန်မနှင့်လုံးဝမသက်ဆိုင်ပါသဖြင့်မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

မိခင်

ဒေါ်ဟုတ်တိ

[၁၂/လသန(နိုင်)၀၂၀၇၇၃]

အလုပ်လျှောက်လွှာခေါ်ယူခြင်း

(ပြည်တွင်း၌သာကျပ်ငွေဖြင့်ခန့်ထားရန်)

ပြည်တွင်းတွင် ဖက်စပ်လုပ်ငန်းပြုလုပ်နေသော အပြည်ပြည်ဆိုင်ရာ သုတ်ဆေးကုမ္ပဏီမှ အောက်ပါရာထူးများ လစ်လပ်လျက်ရှိပါသည်။

အမှတ်စဉ် (၁)	**Admin Officer**	**(၁)နေရာ(ကျား)**
အမှတ်စဉ် (၂)	**Production Supervisor**	**(၁)နေရာ(ကျား)**
အမှတ်စဉ် (၃)	**Q. C Supervisor**	**(၁)နေရာ(ကျား/မ)**
အမှတ်စဉ် (၄)	**Staff**	**(၂)နေရာ(ကျား/မ)**
အမှတ်စဉ် (၅)	**Sales Supervisor**	**(၂)နေရာ(ကျား/မ)**

အမှတ်စဉ် (၁)အတွက် ဘွဲ့ရဖြစ်ရမည်။ ရုံးလုပ်ငန်း လုပ်သက်(၂)နှစ်ရှိရမည်။ အသက်(၂၅-၃၀)အတွင်းဖြစ်ရမည်။ Computer အသုံးပြုနိုင်ရမည်။

အမှတ်စဉ် (၂)အတွက် B.Sc(Chem)(သို့) B.Sc(I.C) ဖြစ်ရမည်။ လုပ်သက်(၂)နှစ်ရှိရမည်။ သုတ်ဆေးလုပ်ငန်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ အသက် ၂၅-၃၀အတွင်းဖြစ်ရမည်။ Computerကို ကောင်းစွာ အသုံးပြုနိုင်ရမည်။

အမှတ်စဉ် (၃)အတွက် B.Sc (Chem) (သို့) B.Sc (I.C) ဖြစ်ရမည်။ (Q.C)လုပ်ငန်း အတွေ့အကြုံ(၂)နှစ်ရှိသူဖြစ်ရမည်။ အသက် ၂၅-၃၀ အတွင်းဖြစ်ရမည်။ Computerကို ကောင်းစွာအသုံးပြုနိုင်ရမည်။

အမှတ်စဉ် (၄)အတွက် ဘွဲ့ရ၊ အသက် ၂၅-၃၀အတွင်းဖြစ်ရမည်။ လုပ်သက်(၂)နှစ်ရှိရမည်။ Computer အသုံးပြုနိုင်ရမည်။

အမှတ်စဉ် (၅)အတွက် ဘွဲ့ရ၊ Sales အတွေ့အကြုံ (၂)နှစ်ရှိရမည်။ Computerအသုံးပြုနိုင်ရမည်။ နေရာဒေသမရွေး စေလွှတ်ပါက တာဝန်ထမ်းဆောင်နိုင်ရမည်။

အထက်ပါရာထူးများအတွက် သတ်မှတ်ထားသော အရည်အချင်းများ ပြည့်စုံသူများသည် ကြော်ငြာသည့်နေ့မှစ၍ (၂)ပတ်အတွင်း လူအင်အားဦးစီးဌာန၊ မြန်မာ့စီးပွားရေးဦးပိုင်အမှတ်(၁၈၉/၁၉၁)၊ ၅၁လမ်း၊ ရန်ကုန်မြို့ (သို့) Beger Paints Manufacturing Ltd. အမှတ်(၃၄A)၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့သို့ လျှောက်လွှာများကို ပေးပို့ရမည်။ လျှောက်လွှာနှင့်အတူ C.V၊ အလုပ်သမားမှတ်ပုံတင်၊ အကျင့်စာရိတ္တကောင်းကြောင်း ရဲစခန်းထောက်ခံစာ၊ လိုင်စင်ဓာတ်ပုံ (၁)ပုံတို့ကို ပူးတွဲပေးပို့ရမည်။

"ရထိုက်"

ရန်ကုန်

ဖုန်း - 01-372213

ဖုန်း - 02-31158

အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

လစာကိုကျပ်ငွေဖြင့်ပေးမည်။

၁။	**B.com (စာရင်းကိုင်)**	**ကျား/မ**	**(၅) ဦး**
၂။	**Dip in Agri (စိုက်ပျိုးရေးဒီပလိုမာဘွဲ့ရ)**	**ကျား**	**(၁၀) ဦး**
၃။	**A.G.T.I (M.P)**	**ကျား**	**(၅) ဦး**
၄။	**A.G.T.I (E.P)**	**ကျား**	**(၅) ဦး**
၅။	**ထွန်စက်မောင်း/ထွန်စက်ပြင်(ကျွမ်းကျင်)**	**ကျား**	**(၅) ဦး**
၆။	**ယာဉ်မောင်းကျွမ်းကျင် (လိုင်စင်အနီ)**	**ကျား**	**(၅) ဦး**
၇။	**ဘွိုင်လာကျွမ်းကျင် (လက်မှတ်ရ)**	**ကျား**	**(၃) ဦး**
၈။	**ကျန်းမာရေးမှူး**	**ကျား**	**(၂) ဦး**
၉။	**ဆီအုန်းခြံလုပ်သား**	**ကျား**	**(၁၅၀) ဦး**

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ရဲစခန်းထောက်ခံချက်၊ သက်ဆိုင်ရာအထောက်အထားအပြည့်အစုံနှင့်အတူ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ရွှေမောက်အင်တာနေရှင်နယ်လီမိတက်

အမှတ်-၃၉(က)၊ သီရိမွန်လမ်းမကြီး၊ သီရိမွန်ပလာဇာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်အကြောင်းကြားချက်

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	DDE-[illegible]	[illegible]	[illegible]
၂	[illegible]	BQ-[illegible]	[illegible]	[illegible]
၃	[illegible]	PAG-[illegible]	[illegible]	[illegible]
၄	[illegible]	YDN-[illegible]	[illegible]	[illegible]
၅	[illegible]	LRGN-[illegible]	[illegible]	[illegible]
၆	[illegible]	A/RGN-[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	IBN-[illegible]	[illegible]	[illegible]

[illegible]

ဘုရား၊ကျောင်း၊ရဟန်းဒါယကာ

ဦးကိုကြီး(ခ)ဦးကိုလေး(၇၉)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံ၊ ကျောက်ပျောက်တန်းရပ်၊ (၈၆)ရွှေတချောင်းလမ်းနေ (ဦးလှ-ဒေါ်အေးစိန်)၏သား၊ ဒေါ်မြညွန့်၏ ခင်ပွန်း၊ ဒေါ်ခင်မာကြည်၊ ဗိုလ်မှူးချုပ်ခင်အောင်(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်ကြည်သင်းမေ၊ ဒေါက်တာဝင်းအောင်(ဒုတိယညွှန်ကြားရေးမှူး၊ အထက်မြန်မာပြည်ဓာတုဗေဒဝန်ရုံး)-ဒေါ်နုနုလွင်၊ ဦးလှဆွေ (လက်ထောက်ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ခင်မာသီတို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးကိုကြီး(ခ)ဦးကိုလေးသည် ၅-၂-၂၀၀၄ရက် မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၂-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ ကြာနီကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသန်းနွဲ့(၇၁)နှစ်

(ပွင့်ဖြူ)

ပွင့်ဖြူမြို့၊ အနောက်ပိုင်းရပ်နေ(ဦးနေအေး-ဒေါ်မိ)တို့၏ သား၊ ဦးထွန်းရင်-ဒေါ်အုန်းကြည်တို့၏မောင်၊ ဦးစောဝင်း-ဒေါ်အုန်းမေ၊ ဒေါ်ရင်ရင်တို့၏ အစ်ကို၊ ဒေါ်ခင်မေ(မူ/ပြ၊အငြိမ်းစား)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ ၁၅၈ဘီ/ခ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ ဦးစန်းမြိုင်(မော်ကွန်းထိန်း-၂၊ ရန်ကုန်တက္ကသိုလ်)-ဒေါ်အေးအေးသိန်း(အထက၊TTC၊ကမာရွတ်)၊ ဒေါ်အေးအေးငြိမ်း(လယ်/အုပ်-ကဖွန်းမ၊ဆိတ်ဖြူမြို့နယ်)၊(ဦးအောင်ဆန်းလွင်)-ဒေါ်ကြည်ကြည်ဌေး၊ ဦးဇော်မိုးနိုင်-ဒေါ်မျိုးမျိုး(လယ်/ပြ)၊ဒေါ်အေးအေးမွန် (စိုက်ပျိုးရေး)၊ ဦးမောင်ဦး-ဒေါ်သီသီလွင် (မူပြ)၊ ဦးခိုင်အောင်ထူး(ဆည်မြောင်း)-ဒေါ်ရင်ရင်ဖြိုး EPC၊ မခိုင်ဇင်ထူးတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၅-၂-၂၀၀၄ ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ရက်မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(တက္ကသိုလ်ရိပ်သာလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး

ဒေါ်ဌေးဌေးခိုင် (၆၂)နှစ်

(ပဲခူး)

(ဦးဘခိုင်-ဒေါ်အေး)တို့၏ သမီး၊ (ဦးဘဆန်း-ဒေါ်သန်း)တို့၏ ချွေးမ၊ ပဲခူးမြို့၊ သနပ္ပင်လမ်း၊ ဘုရားဈေးသစ်ရှေ့၊ အမှတ်(၅၇၃)နေ ဦးဆန်းအောင်(ရွှေဆိုင်၊ရွှေပန်းထိမ်)၏ ဇနီး၊ ကိုကျော်ခင်-မမြတ်သီတာအောင်၊ ကိုသန်းထွဋ်အောင်-မခင်ဝင်းမြတ်၊ ကိုမင်းသူ-မအောင်မေလွင်၊ကိုအောင်မင်းလွင်-မခင်နီလာရွှေတို့၏ မိခင်ကြီး၊ မောင်မင်းစည်သူ၊ မဆုဝေလွင်၊ မောင်အောင်ဇေယျ၊ မသော်တာလင်း၊ မောင်ထွဋ်ဝင်း၊ သားသားလေးတို့၏ ဘွားဘွားကြီး ဒေါ်ဌေးဌေးခိုင်သည် ၅-၂-၂၀၀၄ရက်၌ ကွယ်လွန်ပါ၍ ၇-၂-၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးကိုကိုဆက်၏ ဇနီး၊ ဒေါ်ဆွေဆွေဝင်း(ဖျာပုံမြို့နယ် လဝက)သည် ၅-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် အတူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

သူငယ်ချင်း ဆွေဆွေဝင်း ကောင်းရာ သုဂတိလားပါစေ
ဦးအောင်တိုး-ဒေါ်မဉ္ဇူအေး၊ ခေတ္တ မူဆယ်မြို့

ဒေါ်ကျင်စိန်
အသက်(၈၄)နှစ်

(မော်လမြိုင်)

မော်လမြိုင်၊ဒိုင်းဝန်ကွင်းရပ်၊ဆန်တန်းလမ်း၊အမှတ်(၇/က)နေ (ဦးလူနီ-ဒေါ်ပု)တို့၏သမီး၊ဒေါ်ငွေတင်၏အစ်မ၊ (ဦးဟုတ်တိတ်)၏ဇနီး၊ ဦးစုရိန်(လ/ထ အထွေထွေမန်နေဂျာ၊ ငြိမ်း၊မြန်မာ့သစ်လုပ်ငန်း) ဒေါ်မြင့်မြင့်၊ ဦးဂွမ်ရိန်(ဒု-ညွှန်မှူး၊ ငြိမ်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန)၊ ဒေါ်ဝင်နီ(အထပြ၊ငြိမ်း)၊ ဦးထျန်စူးတို့၏ မိခင်ကြီး၊ ဦးစိုးဝင်းမြင့်၊ ဦးသန်းစိုးရိန်-ဒေါ်မွေးမွေးသင်း၊ ဦးသန်းအောင်ရိန်၊ (ယာယီခွဲမှူး) ဗိုလ်ကြီးအောင်ဇော်မိုး-ဗိုလ်မြင့်မြင့်စီ၊ဦးသန့်ဇင်၊ဒေါ်မြတ်မြတ်မော်တို့၏ အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၂-၂၀၀၄ရက် နံနက်၁း၁၅နာရီတွင်အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၈-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်။ (၆၃၁၊ ဓမ္မရတနာလမ်း၊ ၆ရပ်ကွက် လှိုင်သာယာနေအိမ်မှကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလွှာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်ခင်ထွေး
(CAREY)
အသက်(၈၁)နှစ်

(မော်လမြိုင်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၃၆၀)၊ ပြည်လမ်းနေ ဦးခင်မောင်ကလေး (ဒု-ဗိုလ်မှူးကြီး-ငြိမ်း)၏ ဇနီး၊ ဒေါ်တင်မေဦး-ဦးသန့်ဇင်၊ (ဒေါက်တာနီလာကလေး)-ဦးရဲမြင့်ဦး၊ ဦးမြင့်အောင်(Nu LiFE)၊ဒေါ်လဲ့လဲ့ဝင်း(M.A.I)-ဦးမောင်မောင်ဆန်းတို့၏ မိခင်၊ မောင်ကွန်းဇော်၊ မောင်ဟိန်းလတ်၊ မစပယ်၊ မစကားဝါ၊ မရတနာဦး၊ မောင်ထက်အောင်တို့၏ မေမေသည် ၆-၂-၂၀၀၄(သောကြာနေ့) နံနက် ၅း၃၀ နာရီတွင် အလွှာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဂျွမ်မာဖ် အပြီးတွင် ရေဝေးစွန်နီ ကဘာရ်စတန် ဥယျာဉ်တော်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်မေ အသက်(၈၀)

မြင့်စာပေ၊မြန်မာပြည်ပုံနှိပ်တိုက်
(ချောက်မြို့)

ချောက်မြို့၊ ပျဉ်းမလမ်းနေ (ဦးအုန်းမြင့်၊ သတင်းစာကိုယ်စားလှယ်)၏ ဇနီး၊ ဦးစစ်လှိုင်-ဒေါ်ခင်ရဲမြင့်၊ ဦးစောညို-ဒေါ်သန်းသန်းဆွေ၊ဦးစိုးလှိုင်-ဒေါ်ကြွယ်ကြွယ်၊ ဦးဌေးလှိုင်-ဒေါ်မိုးမိုး၊ ဦးမျိုးလှိုင်-ဒေါ်ရီရီမြင့်၊ ဦးစိုးလင်း-ဒေါ်ရီရီမြင့်၊ ဒေါ်အေးအေးမြင့်၊ ဦးမျိုးထွန်း-ဒေါ်ခင်ဌေးမြင့်၊ ဦးအောင်ကျော်ဆွေ-ဒေါ်သန်းသန်းဌေးတို့၏ မိခင်၊ မြေး၃၀ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၄-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၅-၂-၂၀၀၄ (ကြာသပတေးနေ့)တွင် ချောက်မြို့ ရတနာအိုင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသောင်းရွှေ(ခ)ဦးရွှေ
အသက်(၆၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၃)၊ လမ်း(၇၀)နေ (ဦးလူလေး-ဒေါ်အေးညွန့်)တို့၏ သား၊ (ဦးကျော်မြိုင်)-ဒေါ်ရွှေချိန်တို့၏ သားသမက်၊ ဦးလှကြည်-(ဒေါ်ခင်ကြည်)၊ ဦးလှရီ-ဒေါ်ခင်ခင်ဝင်းတို့၏ညီ၊ ဒေါ်မော်မော်မြင့်(ခ) ဒေါ်မော်စီ(MOGE)၏ ခင်ပွန်း၊ မကေသွယ်သွယ် (MOGE)၊ မကေနွယ်နွယ်(ထွေ/အုပ်၊ ပုဇွန်တောင်)တို့၏ ဖခင်သည် ၅-၂-၂၀၀၄(ကြာသပတေးနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၇-၂-၂၀၀၄(စနေနေ့)နံနက် ၁၁း၃၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁-၂-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်သော စောလှဝင်းစိန်(ခ) Reggie(ခ)ဖိုးခွား၏ ဈာပနကိစ္စတွင် အဘက်ဘက်မှ မေတ္တာဖြင့် ကူညီကြသော လူကြီးမိဘ ဆရာသမားများ၊ မိတ်ဆွေသူငယ်ချင်းများ၊ တောင်သူကုန်း၊ နံ့သာကုန်း ကရင်နှစ်ခြင်း အသင်းတော်များမှ သင်းအုပ်ဆရာတော်ကြီးများ၊ ရွာမအသင်းတော်မှ သင်းအုပ်ဆရာများနှင့် အသင်းသူ၊ အသင်းသားများအားလုံး၊ United Pharma Co.Ltdမှ အထက်အရာရှိများနှင့်ဝန်ထမ်းများ အားလုံးကိုကျေးဇူးတင်ရှိပါကြောင်း။ကွယ်လွန်သူအားအောက်မေ့ဖွယ်ရာဝတ်ပြုအခမ်းအနားကို၈-၂-၂၀၀၄(တနင်္ဂနွေနေ့)ညနေ၄း၃၀ နာရီတွင် ၁၄၄ မင်းကြီးလမ်း အင်းစိန်နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန်ဖိတ်ကြားပါသည်။ကျန်ရစ်သူမိသားစု။

သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး
မန္တလေးဆေးရုံကြီးပြင်ပ
လူနာဆောင်အလှူရှင်

ဒေါ်တင်အိ(ဒီပါအေး)
အသက်(၇၆)နှစ်

(မန္တလေး)

မန္တလေးမြို့၊ ၈၅လမ်း၊ ဝါးတန်းရပ်၊ အမှတ်(၂) ဒီပါအေးပွဲရုံနေ (ဦးကောင်း-ဒေါ်စိန်တင်)တို့၏ သမီး၊ (ဦးဘတင်)၊ (ဒေါ်စောတင်)၊(ဒေါ်စောရင်)တို့၏တူမ၊ (ဦးဘိုးရီ)-ဒေါ်အုန်းကြည်တို့၏ ညီမ၊ ဦးကြီးမောင်(ဆသရ-ငြိမ်း)-(ဒေါ်နန်းစမ်းအိမ်)၊ဒေါ်ခင်မိုတို့၏အစ်မ၊ဦးဘောဂ၊ ဦးသောင်းညွန့်-ဒေါ်ဥမ္မာသာခင်၊ ဦးမိုးကြွယ်-ဒေါ်ကျော့ကျော့စိန်၊ Dr.မျိုးလွင်-ဒေါ်လှထွေးဥ၊ ဦးစိုင်းမင်းဝဏ္ဏ (Swan Hotel)- ဒေါ်ခင်ခင်ယု (Europe Asia Co.,Ltd.)၊ ဒေါ်နန်းဇာလီထွေး၊ (Fair Deal Co.,Ltd.)တို့၏ ချစ်လှစွာသောကြီးတော်၊ မောင်သီဟထွန်း၊ မဇင်မာဝင်း၊ မောင်ပြည့်စုံ၊ မသုန္ဒရီ၊ မကေသီမိုးကြွယ်၊ မောင်နန္ဒကြွယ်၊ မောင်လွင်မောင်မောင်၊ မောင်တင်အောင်အောင်တို့၏ ချစ်လှစွာသောအဘွားသည် ၆-၂-၂၀၀၄ (သောကြာနေ့) နံနက်၀၀း၃၀နာရီတွင် ကွယ်လွန်ပါသဖြင့် ၇-၂-၂၀၀၄(စနေနေ့) မွန်းတည့်၁၂နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဗိုလ်မှူးတင်ရွှေ(ငြိမ်း)

အမှတ်(၃၁)၊ ၁၄၃လမ်း၊ တာမွေမြို့နယ်နေ ဗိုလ်မှူးတင်ရွှေ(ငြိမ်း)၁-၂-၂၀၀၄ရက်ကွယ်လွန်ချိန်မှစ၍ ဂူသွင်းမြေကျသည်အထိ ဈာပနကိစ္စအဝဝကို လိုလေသေးမရှိအောင် ကိုယ်တိုင် တာဝန်ယူစီစဉ်ဆောင်ရွက်ပေးသော မိတ်ဆွေများ၊ သူငယ်ချင်းများ၊ အိုးအိမ်ဦးစီးဌာန၊ အာရှခေဘဏ်မှ ဝန်ထမ်းများ၊ ရပ်နီးရပ်ဝေးမှ သတင်းမေးမြန်းကာ အားပေးကြသူများ၊ ဈာပနသို့ လိုက်ပါပို့ဆောင်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပဲခူးအသင်း(ရန်ကုန်)

ဒေါ်ဌေးဌေးခိုင် (၆၂)နှစ်

ပဲခူးမြို့၊ သနပ္ပင်လမ်း၊ ဘုရားဈေးသစ်ရှေ့၊ အမှတ်(၅၇၃)နေ (ဦးဘခိုင်-ဒေါ်အေး)တို့၏သမီး၊ ဦးဆန်းအောင်(ရွှေဆိုင်၊ရွှေပန်းထိမ်)၏ ဇနီးသည် ၅-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇-၂-၂၀၀၄(စနေနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍အသင်းသူ၊ အသင်းသားများ လိုက်ပါ ပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ရဟန်း၊ သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ဖြူ(ခ)ဒေါ်အေးမြင့်
အသက်(၅၂)နှစ်

ဥက္ကဋ္ဌ၊ မိခင်နှင့်ကလေး
စောင့်ရှောက်ရေးအသင်းအခွဲ(၅)၊
ပုဇွန်တောင်

အောင်သစ္စာဒသံပန်းသံတံခါး ဦးလှထွန်း(ဦးပညာဝံသ)-ဒေါ်ခင်ပု တို့၏ တတိယမြောက်သမီး၊ပုဇွန်တောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၄၇၈)နေ (ဦးသန်းအောင်)၏ ဇနီး၊ မောင်မင်းသူအောင်၊ မဝင်းယုခိုင်၊ မောင်ထွန်းထွန်းဦး၊ မကြည်ကြည်အောင်၊ မောင်ပြည့်ဖြိုးအောင်၊ မမြတ်သီရိအောင်တို့၏ မိခင်သည် ၆-၂-၂၀၀၄ရက်မွန်းလွဲ၂နာရီတွင် ကွယ်လွန်ပါ၍၈-၂-၂၀၀၄(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

မောင်အိုက်ဇက်
ရဲထွန်းသန်း (၃၁)နှစ်

(B.A . Geo)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် ဒိုင်အိုဝင်၊ ခရစ်တော်ဘွဲ့ခံ ကသီဒြယ် ဘုရားကျောင်းဝင်းနေ မန္တလေး သာသနာပိုင် နယ်စီးသာသနာပိုင် ဦးယောဟန်မြသန်း-ဒေါ်တင်တင်အေး တို့၏ သားကြီး၊ ရွှေဘိုမြို့နေ (ဦးဒံယေလ)-ဒေါ်ထွန်းရှိတို့၏ မြေး၊ ဒေါ်အုန်းကြည်၊ ဒေါ်တင်တင်ထွေးတို့၏ တူ၊ မောင်စောဝေမိုး(ခ)စိုးစိုး၊ မခင်နှင်းအေး(YMCA Mandalay)တို့၏ အစ်ကိုသည်၅-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၃း၅၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်ပါ၍ ၇-၂-၂၀၀၄ (စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် မန္တလေးမြို့ ခရစ်တော်ဘွဲ့ခံ ကသီဒြယ်ဘုရားကျောင်း၌ ၂၃ လမ်း ၈၆X၈၇လမ်းကြားတွင် ဝတ်ပြုကိုးကွယ်ပြီး ကြာနီကန် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးတင့်ဆွေ (၇၉)နှစ်

အငြိမ်းစား၊ အမှတ်(၂)သတ္တုတွင်း

ထားဝယ်မြို့၊ ပုံကျွန်းရပ်၊ ရေးလမ်း၊ အမှတ်(၄၁၄)နေ ဒေါ်ကြင်ရီ၏ ခင်ပွန်း၊ ဦးရှင်းခိုင်(အငြိမ်းစား) - ဒေါ်ကြင်မွေး [အမှတ်(၂)သတလ]ဦးစံအေး-ဒေါ်ဆမေတင်၊ ဦးလှသန်း(ဌာနစုမှူး၊ငွေစာရင်း)-ဒေါ်အေးအေးစန်း အမှတ်(၂)သတလ၊ မခင်ခင်ချို၊ မတင်တင်ဌေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ထင်ဇော်၊ မရီရီခိုင်၊ မောင်ညဏ်စိုး၊ မဇင်မိုးအေး (B.Sc. Phy)၊ မသီတာအေး(ဒုတိယနှစ်၊စီပွားရေး)၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၄-၂-၂၀၀၄ရက်နံနက်၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၀၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ထားဝယ်မြို့ ဝဲကျွန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းအမ

ဒေါ်လှစိန်(၇၆)နှစ်

(ပုသိမ်)

ပုသိမ်မြို့နေ (ဦးမောင်ပို)-ဒေါ်ပိန်(ခ) ဒေါ်ခင်မြင့်တို့၏သမီးကြီး၊ (ဒေါ်လှရှင်)၊ (ဒေါ်ညို)၊(ဦးလှမြင့်)၊ဒေါ်သန်းသန်း၊ ဦးထိန်ဝင်း-ဒေါ်ထွေးကြည်တို့၏ အစ်မကြီး၊ ကိုကွန်းကြည်-ဒေါ်လှမြင့်၊ ဦးမောင်မောင်-မညွန့်ညွန့်ဝင်း၊ မချိုချိုမာတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၆-၂-၂၀၀၄(သောကြာနေ့) နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်၁၄၊မဟာဗောဓိလမ်း၊မြေနီကုန်း နေအိမ်မှ ကားများ ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလွှာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဒေါ်မိမိကြီး(၇၁)နှစ်

(ခေတ္တ-U.S.A)

ရန်ကုန်မြို့နေ[ဟာဂျီဆယ္ယဒ်စအိဒ်(ခ) ဦးကျော်တင့်]၏ဇနီး၊ဒေါက်တာချယ်ရီဦး၊ ကိုကျော်တင့်ဦး၊မခင်စိုးရီ၊ မဖြူဖြူတင့်၊ မနီနီတင့်တို့၏ မိခင်၊ မြေး၁၀ယောက်တို့၏ အဘွားသည် အမေရိကန်နိုင်ငံ၊ ဗာဂျီးနီးယားမြို့တွင် ၁၆-၉-၂၀၀၃ရက် နံနက်၁၁နာရီတွင် အလွှာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိတ်ဆွေ သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မြို့သစ်မြို့နယ်အသင်း

မကေခိုင်ဦး (၃၁)နှစ်

မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ ချောက်ကြားရွာနှင့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊(၄)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ်(၁၈၆)၊ ဟံသာရိပ်မွန်အိမ်ရာနေ မြို့သစ်မြို့နယ် အသင်း(ရန်ကုန်) အသင်းဝင် ဦးလှ(Hla This Sar Radio T.V, Video Trainning Centre) ဒေါ်တင်ရွှေတို့၏ သမီး၊ မကေခိုင်ဦး (A.G.T.I ၊လမ်းဦးစီး၊ဆောက်လုပ်ရေးရုံးချုပ်)သည် ၅-၂-၂၀၀၄(ကြာသပတေးနေ့) ညနေ ၃း၁၀နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၇-၂-၂၀၀၄(စနေနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

မောင်သန်းထူး(၃၈)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ ဌာနလမ်း၊ မကျီးမြောက်အရှေ့ရပ်ကွက်၊အမှတ်(၃၉)နေ ဦးမောင်စိန်-ဒေါ်ကြင်တို့၏ ဒုတိယသား၊ ကိုအကောင်း-မသိန်းသိန်းမြင့်တို့၏ ညီ၊ မစောမွန်၊ မစောဝါ၊ မစောကြည်၊ မစောပို(ကြည့်မြင်တိုင်ညဈေး)တို့၏ မောင်၊ မထွေးရီ၊ မောင်လှထွေးတို့၏အစ်ကို၊ မခင်ဇာလင်း၏ ဦးလေးသည် ၅-၂-၂၀၀၄ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၂-၂၀၀၄ရက် နံနက် ၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မဝင်းဝင်းစိုး
အသက်(၃၈)နှစ်

(နထလ၊ဒု-ဦးစီးမှူး)

ရန်ကုန်မြို့၊ အမှတ်(၄) ဥဿဖရားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးစိုးမောင်း-(ဒေါ်တင်ရွှေ)တို့၏ သမီး၊ ကိုဝေဇင်ဦး၊ မတင်တင်စိုး၊ ဦးစောဘိုလီမင်း၊ (မမြင့်မြင့်စိုး)၊ မနွဲ့နွဲ့စိုးတို့၏ ညီမ၊ မဝင်းဝင်းစိုးသည် ၆-၂-၂၀၀၄ (သောကြာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
ဒါယိကာမကြီး

ဒေါ်ခင်ပု အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ်(၅၆)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေ၊ (ဦးမင်းမောင်-ဒေါ်သိန်း)တို့၏ သမီးထွေး၊ (ဦးခေါင်-ဒေါ်မျှင်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်ကြီး၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးဝင်းခေါင်(ရေငြိမ်း)-ဒေါ်ဆွေရီသိမ်း၊ ဒေါက်တာသန်းထွဋ်-ဒေါက်တာခင်အေးအေးတို့၏ ချစ်လှစွာသောမိခင်၊ မအေးအေးခိုင်နှင့် မောင်ဇော်ဝင်းခေါင်တို့၏ ချစ်လှစွာသောအဘွားသည် ၅-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ၎င်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၂-၂၀၀၄(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ ဒါယကာကြီး

ဦးအုန်းရွှေ(၆၅)နှစ်

ဌာနခွဲမှူး (ငြိမ်း)

အင်ဂျင်နီယာဌာန (ရေ/သန့်) ရန်ကုန်မြို့တော်စည်ပင် (ဦးဂျွန်-ဒေါ်စိန်မျှင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၃၈/၄၀)၊ သိင်္ဂလမ်း၊ (၂၄) ရပ်ကွက်၊တောင်ဒဂုံမြို့နယ်နေ ဒေါ်စောယုမေ၏ ကျေးဇူးရှင်ခင်ပွန်း၊ မဇူပိုင်ဦး၏ ကျေးဇူးရှင်ဖခင် ဦးအုန်းရွှေသည် ၅-၂-၂၀၀၄ရက် နံနက် ၄နာရီတွင် ကွယ်လွန်ပါ၍ ၇-၂-၂၀၀၄(စနေနေ့) နံနက် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

မကေခိုင်ဦး(၃၁)နှစ်

(A.G.T.I လမ်းဦးစီး၊
ဆောက်လုပ်ရေးရုံးချုပ်)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊လှည်းတန်းလမ်း၊ အမှတ်(၁၈၆)၊ ဟံသာရိပ်မွန်အိမ်ရာနေ ဦးမောင်လှ(Hla Thit Sar, Radio, TV, Video Training Centre)-ဒေါ်တင်ရွှေတို့၏သမီး၊ မဌေးဌေးလှိုင်၊ မောင်နိုင် ဝင်း-မစိုးစိုးလှိုင်တို့၏ အစ်မ၊ရန်ကုန်မြို့၊ရန်ကုန်သစ်ရပ်ကွက်၊ အမှတ်(၉)၊ အောင်ဇေယျ(၂)လမ်းနေ ဦးတင်အောင်-ဒေါ်ယဉ်ယဉ်တို့၏ သမီးချွေးမ၊ (မောင်ကျော်စန်းဝင်း)၏ ဇနီးသည် ၅-၂-၂၀၀၄(ကြာသပတေးနေ့)ညနေ၃း၁၀နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၇-၂-၂၀၀၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မောင်ကျော်စွာလင်း(ခ)ဖိုးကျော်
အသက်(၂၃)နှစ်

နောက်ဆုံးနှစ်(မြန်မာစာ)

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊ ၁၀မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်နေ (ဦးကင့်)-ဒေါ်နု၊ ဦးကျော်မြ-ဒေါ်ပိုတို့၏ မြေး၊ ဦးအေးသောင်း - ဒေါ်ကျင်ဟန်တို့၏ သား၊ မနွေဇာဇာအေး(ထက်ထက်ဝင့်၊ စတိုး) (၁၀မိုင်ဈေး)၏ မောင်၊ မောင်ကျော်စွာလင်း(ခ)ဖိုးကျော်သည် ၃-၂-၂၀၀၄ (အင်္ဂါနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၀၄ ရက် မွန်းလွဲ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ညဏ်သိန်း(ခ)မောင်တက်တို
အသက်(၁၄)နှစ်

အလက-၁၊လသာ
(မော်လမြိုင်)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရုံလမ်း၊ အမှတ်(၂၂)နေ [ဦးရွှေလေး(ခ) ဦးကျိုလိုင်း-ဒေါ်ထိုး]နှင့် ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၉)လမ်း၊ အမှတ်(၁၁၅)နေ ဦးချွေးယား(ခ)ဦးကျင်ချုံး-ဒေါ်ပုမတို့၏ မြေး၊ ဦးမျိုးညွန့်(ခ) လစ်တိတ်-ဒေါ်ရီရီမြင့်၊ ဦးထွန်းမောင်-ဒေါ်မြကြည်၊ ဦးရင်ဟိုး-ဒေါ်ကြည်ကြည်လေး၊ ဦးလှအေး-ဒေါ်ကျင်သီ၊ ဒေါက်တာညွန့်ညွန့်လေး၊ ဒေါ်ခင်ခင်လေး၊ ဦးလှကျော်-ဒေါ်စန်းစန်းအောင်၊ ဦးတင်အောင်-ဒေါ်သန်းမြင့်၊ ဦးလှဝင်းတို့၏ တူ၊ မောင်ညဏ်လင်းထွန်း(ခ) ရွှေတိုး(ပထမနှစ်၊ ဆေး-၁)၏ ညီ၊ဗိုလ်ရုံလမ်း၊ အမှတ်(၂၂)နေ ဦးမောင်မောင်တိုး-ဒေါ်လှမြင့်တို့၏ ချစ်လှစွာသောသားငယ်သည် ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ရှိန်
(Nancy Shein)
အသက်(၈၃)နှစ်

(မော်လမြိုင်)

မော်လမြိုင်မြို့နေ အရေးပိုင်ဦးဘရှိန် (K.S.M.AT.M)- ဒေါ်ဒေါ်တင်တို့၏ သမီး၊ ရန်ကုန်မြို့၊အမှတ်(၅၅)၊ ရေကျော်လမ်း၊မြေညီထပ် (A)နေ(ဦးဖေအောင်၊ ပဆက-ငြိမ်း)၏ ဇနီး၊ (ဦးခင်မောင်ရွှေ)၊ ဒေါ်အိတို့၏ အစ်မကြီး၊ ဦးမြင့်သိန်း-မသက်၊ ဒေါ်တင်တင်ဌေး (M.O.B ၊ ရုံးချုပ်)၊ ဦးသိန်းနိုင် (M.R.T.V)တို့၏ မိခင်ကြီး၊ လှလှကျော်၊ ပြည့်ပြည့်သိမ်း (အထက-၄၊ပုဇွန်တောင်)၊ ဇေယျာထွန်း၊ မလင်းလင်းခိုင် (ပြည်အောင်ရတနာ ရေခဲနှင့်ငါးလုပ်ငန်း)တို့၏ ဘွားဘွားကြီးသည် ၅-၂-၂၀၀၄ရက် ညနေ ၆နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၇-၂-၂၀၀၄(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းအောင်(ခ)ဦးဝင်းသောင်
အသက်(၇၀)

အငြိမ်းစားအရာရှိ(လဝက)
(ကုန်သွယ်/လယ်ယာ)(ငြိမ်း)

ကသာမြို့နယ်၊ မိုးတားရွာနေ ဦးစု-ဒေါ်နှင်းဆီတို့၏ သား၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၈၃)၊ (မြေညီထပ်)နေ (ဒေါ်ရီရီတင်အုန်း)၏ ခင်ပွန်း၊ ဦးနန်းညွန့်-ဒေါက်တာခိုင်သဇင်တို့၏ ဖခင်ကြီး၊ မောင်ဇေယျာဦး၊မောင်ထွဋ်နိုင်ဝင်းတို့၏ အဘိုးသည် ၆-၂-၂၀၀၄ရက် နံနက် ၈း၂၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရယင်းနေ့ညနေ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Mr. Kenneth Lutter
(ခ)ဦးလှမြင့်
အသက်(၆၈)နှစ်

စက်မှု(၁)ငြိမ်း

အမှတ်(၇၃)၊အခန်း(၆)၊၄၃လမ်းနေ ဦးဝီလီ-ဒေါ်ဗစ်တိုးရီးယား(ခ)ဒေါ်လှစိန်တို့၏သားကြီး၊ ဒေါ်လှလှ၊ ဒေါ်ကော်လင်း-ဦးမောင်မောင်တို့၏ အစ်ကိုကြီး၊ (ဒေါ်သင်းကြိုင်)၏ခင်ပွန်း၊ ဒေါ်ဘောဘီ ခင်မျိုးနွယ် (အမက-၄၊ ဗိုလ်တထောင်)၊ ဦးကျော်ဝင်းစိုး၊ ဦး Charles Lutter - Victoria Lutter၊ ဒေါ်သန္တာမြင့်-ဦးမြတ်ထွန်း၊ ကိုတိုးတိုးအောင်(ခ) စီးမာတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၅-၂-၂၀၀၄ရက် ညနေ၄း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၉-၂-၂၀၀၄(တနင်္လာနေ့) နံနက်၁၀ နာရီတွင် ရေဝေးအအေးတိုက်၌ ဝတ်ပြုကိုးကွယ်ပြီးမီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလွှာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမမရမ်ဘီ(ခ)ဒေါ်တင်အေး
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂၃၇/ခ)၊(၃)ထပ်၊(၃၅)လမ်းနှင့် အမှတ်(၁၅၃)၊မြေညီထပ်၊ (၃၄)လမ်းနေ ဟာဂျီယာယာ(ခ)ဦးလှမြင့် - ဒေါ်နုစီမ(ခ)ဒေါ်အေးတို့၏သမီးကြီး၊ ဦးစိုးမြင့်၊ ဦးစိုးတင့်(အန်စွာရီ) B.A (Phil) (နာယက - အစ္စလာမ်သာသနာရေးရာ ကောင်စီ၊ရန်ကုန်တိုင်း)တို့၏ ညီမ၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးမြင့်သိန်း၊ ဦးတင်ထွန်း၊ ဒေါ်ခင်ဝင်းကြည်(လ/ထ ကထိက၊ ငြိမ်း၊သတ္တဗေဒဌာန)၊ ဦးအောင်မင်း၊ ဒေါ်လှလှဝင်း M.Sc Q(1)(Super Star Traditional Shop၊ ဗိုလ်ချုပ်ဈေး)၊ ဦးတင်ထွေးတို့၏ အစ်မကြီးသည် ၆-၂-၂၀၀၄(သောကြာနေ့) မွန်းလွဲ၂း၃၀ နာရီတွင်အလွှာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၇-၂-၂၀၀၄(စနေနေ့) နံနက်၁၀နာရီတွင် အမှတ်၁၅၃/၃၄လမ်း နေအိမ်မှ ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာမည် ဖြစ်ပါကြောင်း၊ ရပ်နီးရပ်ဝေးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဟသ်ာတအသင်း

ဦးစံလင်း (၉၄)နှစ်

(B.A,B.Ed.B.ES)
ကျောင်းများအုပ်ချုပ်ရေးမှူး(ငြိမ်း)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ တိုက်(၉)၊ အခန်း(၂)နေ ဟသ်ာတအသင်း ရာသက်ပန်အသင်းဝင်နှင့် သက်ကြီးပူဇော်ကန်တော့ခံ ဒေါ်အေးစိန်၏ ခင်ပွန်း ဟသ်ာတအသင်း ရာသက်ပန်အသင်းဝင်နှင့် သက်ကြီးပူဇော်ကန်တော့ခံ ဦးစံလင်းသည် ၅-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၂-၂၀၀၄(စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဦးငွေသန်း (၈၈)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန
(ဖျာပုံ)

ရန်ကုန်မြို့၊ အမှတ်(၃)မင်းဦးလမ်း၊ စမ်းချောင်း၊ရန်ကုန်မြို့နေ (ဦးဘိုးညွန့်-ဒေါ်ချို)တို့၏ သား၊ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ဒေါ်သန်းကြည်၊ (ဒေါ်စန်းရီ)တို့၏ အစ်ကို၊ ဦးတင်မောင်ဦး၊ ဒေါ်ခင်ချိုသန်း (မြို့တော်စည်ပင်၊ စစ်ဆေးရေးဌာန)၊ ဒေါ်နုနုသန်း(ဆသရ သင်တန်းကျောင်း)၊ ဒေါ်လှလှသန်း(ပြည်တွင်းအခွန်၊ကြည့်မြင်တိုင်)၊ ဒေါ်စုစုသန်း၊ ဒေါ်သန်းသန်းထွေး (Myanmar Bridgement)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဥမ္မာဦး၊ ပြည့်ဖြိုးဦး၊ သန်းတိုးဦးတို့၏အဘိုးသည် ၆-၂-၂၀၀၄ရက် မွန်းလွဲ ၁၂း၃၅နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်-၃၊မင်းဦးလမ်းနေအိမ်မှကားများနံနက်၁၀ နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးလှကြင် (၇၉)နှစ်

အင်ဂျင်နီယာဝန်ထောက်(ငြိမ်း)
(မြိတ်)

ရန်ကုန်မြို့၊ အမှတ်(၂)၊ မိုးကောင်းဘုရားလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ (ဦးဖိုးရွှေ-ဒေါ်ငြိမ်းခိုင်)တို့၏ သား၊(ဦးကျင်ထူး-ဒေါ်ရန်ကြည်)တို့၏ သားသမက်၊ (ဒေါ်စောညွန့်)၏ခင်ပွန်း၊ (ဦးမောင်သောင်း - ဒေါ်သန်းဆင်)တို့၏ အစ်ကို၊ ဦးမောင်မောင်သော် -ဒေါ်အေးအေးမြင့်(မြို့ရွာ/အိုးအိမ်)၊ ဒေါ်နုနုရီ၊ ဒေါ်ဥမ္မာကြင်၊ဦးထွန်းအောင်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မရည်မွန်သော် (III-D TTC)၊မမြတ်မွန်သော် (KG-E, TTC) တို့၏ချစ်လှစွာသောအဘိုးသည် ၆-၂-၂၀၀၄(သောကြာနေ့)ညနေ ၄း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၈-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

ဦးတင်ထွန်း(၇၉)နှစ်

ရာဖြတ်အရာရှိ(ငြိမ်း)

ရာသက်ပန်အသင်းဝင် ဦးတင်ထွန်းသည် ၅-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းတိုက်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဦးမြခင် အသက်(၅၀)

(မြိတ်)

မြိတ်မြို့၊ မြစ်မရပ်၊ စပယ်လမ်း၊ အမှတ်(၄၅)နှင့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ်(၄၁/စီ)နေ ဦးစံရွှေ-(ဒေါ်စိန်မုံ)တို့၏ သား၊ (ဦးမောင်ညွန့်-ဒေါ်ကျင်လုံ)တို့၏ သားသမက်၊ မောင်စိုးရခင်၊ မသီရိခင်၊ မောင်မိုးမျိုးသူ-မရီရီခင်၊ မချယ်ရီခင်၊ မဆုဆုခင် တို့၏ ဖခင်၊ ဒေါ်လှလှဝေ၏ခင်ပွန်း ဦးမြခင်သည် ၆-၂-၂၀၀၄ရက်နံနက်၁း၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍၈-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၄ဝါလမ်းနေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး-၂၉၁၈၃၂၊စာတည်းများ-၂၉၂၈၃၂၊ သတင်းထောက်မှူး-၂၉၂၈၃၃၊ မန်နေဂျာ-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း-၂၉၁၄၅၄၊ ဖြန့်ချိရေး-၂၉၂၈၃၀၊ ကြော်ငြာ-၂၉၉၄၂၇၊ ပုံနှိပ်-၂၉၂၈၃၁။ R/184

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
စစ်ကိုင်းတိုင်း ကလေးစက်မှုဇုန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြရာ နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာလေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆



မြစ်သာတံတား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း မြစ်သာတံတား (ကလေးဝ) တည်ဆောက်ရေးစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို
ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၆

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမရှိ အဆိုပါ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် မုခ်ဦးဆောင်ရှေ့ဥယျာဉ်ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မ အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

သတင်း၊ ဆောင်းပါးအညွှန်း

တက္ကသိုလ်မြတ်သူ၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး ***"သင်ခန်းစာယူသင့်သော ပြည်ထောင်စုနိုင်ငံအချို့၏ ဖြစ်ရပ်များနှင့် မြန်မာတိုင်းရင်းသားတို့၏ ပြည်ထောင်စုအစဉ်အလာ"*** *ကို စာမျက်နှာ-၈ နှင့် ၉ တို့တွင် ဖော်ပြထားပြီး* ***"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း"*** *ကို စာမျက်နှာ-၇ တွင် ဖော်ပြထားပါသည်။*(ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး